# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၅၄)




လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို နံ့သာရည်များ ပက်ဖျန်းပေးစဉ်။ **(သတင်းစဉ်)**



**ပုသိမ်တံတား**

ဝေန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပုသိမ်တံတား၏ အပေါ်စီးမှမြင်ကွင်းအလှကို ဤသို့တွေ့ရသည်။ **(သတင်းစဉ်)**

# ငဝန်မြစ်၏သဘာဝအဆီးအတား ပုသိမ်တံတားဖြင့်ဖြတ်သန်းလွန်မြောက်သွားပြီ သာပေါင်းမော်တင်စွန်းချောင်းသာငွေဆောင်အနောက်ဘက်ကမ်းဒေသများ ပိုမိုဖွံ့ဖြိုးလာမည်

# ဧရာဝတီတိုင်းအတွင်း ပုသိမ်တံတားအပါအဝင် တံတားကြီးအစင်း ၄၀ တည်ဆောက်ပြီးဖြစ် တံတားကြီးကိုအသုံးပြုပြီး မိမိဒေသဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ပုသိမ်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာဘက်ကမ်းရှိ အဆိုပါပုသိမ်တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ပုသိမ်တံတား၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာဖွင့်လှစ်ပေးသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ■



ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ပေ ၈၄၀၊ အမြင့် ၃၃ ပေနှင့် အရှည်ပေ ၂၁၄၀ ရှိပြီး ငဝန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပုသိမ်တံတားအလှကို မြစ်အနောက်ဘက်ကမ်းမှ ဤသို့တွေ့ရသည်။ (သတင်းစဉ်)

**နိုင်ငံတော် ပြိုကွဲရေး အခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

# အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင် ခိုင်ခိုင်မာမာ ပေါ်ထွန်းလာရေး ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းလက်တွဲကာ နေ့မအား ညမနား ကြိုးပမ်းဖော်ဆောင်လျက် ရှိသည်။

နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးများ ထူထောင်ကာ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကွက်ပြည့် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ဌာနဆိုင်ရာများ၊ ကော်မတီများ၊ လုပ်ငန်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ လက်တွဲကာ အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) အကြို ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၁၃ ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားရာ၌–

**"အသင်းဝင်များသည် နိုင်ငံတော်ကြီး ယခုရှိနေသော အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါကောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်မှုကောင်းသော အခွင့်အလမ်းကောင်းများကို လက်မလွှတ်တမ်း ဆုပ်ကိုင်ပြီး အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"**

ပြောကြားသွားခဲ့သည်။

ယခုအခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူအများစုနေထိုင်ရာ ကျေးလက်ဒေသများတွင် ကျေးလက်ပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့လုပ်ကိုင်ကြခြင်းဖြင့် ဒေသခံပြည်သူများ၏ ယုံကြည်လက်ခံမှု၊ အသင်းကြီး၏ လုပ်ငန်းစဉ်များအပေါ် ကိုယ်ပိုင်အသိတရားဖြင့် ထောက်ခံအားပေးမှုများ ရရှိနေပြီဖြစ်သည်။

ယင်းသို့ ကျေးလက်ပြည်သူများ၏ ဘဝကို စိတ်ပါဝင်စားစွာလေ့လာပြီး ပြည်သူတို့၏ လိုအင်ဆန္ဒများကို ကူညီဖြေရှင်းပေးခြင်းဖြင့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်ကန်စွာ စည်းရုံးဦးဆောင်လှုပ်ရှားသွားနိုင်မည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ရရှိထားပြီးဖြစ်သော တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် အရှိန်အဟုန်ဖြင့် နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့သော အချိန်အခါကောင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်နယ်နှင့်တိုင်းအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရန် ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် တိကျခိုင်မာသော ယုံကြည်ချက်၊ မဖြစ်မနေလုပ်ဆောင်လိုသည့် ဇွဲ၊ လုံ့လ၊ ဝီရိယ တို့ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မဟာသက္ကျမုနိရုပ်ပွားတော်မြတ်ကြီး
## ဓမ္မပူဇာအထူးတရားပွဲ

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ကြီးအား အမှူးထားလျက် ချမ်းမြေ့ဓမ္မသဘင် တရားပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုနာကြားတော်မူကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**တရားပွဲကောင်းမှုရှင်များ။**

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | ။ | **။ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်ကျော် ၁၊ ၂ ရက် ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ** |
| **ကျင်းပမည့်အချိန်** | ။ | **။ ည ၇ နာရီတိတိ** |
| **ကျင်းပမည့်နေရာ** | ။ | **။ "မဟာသက္ကျမုနိ ရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး" ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။** |

**သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ**

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက်
## ကြိုဆိုပို့ဆောင်ရေးမော်တော်ယာဉ်ကုသိုလ်အလှူရှင်များဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၉-၁၂-၂၀၀၄ ရက်နေ့မှ ၁၁-၁၂-၂၀၀၄ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ကြွရောက်တော်မူလာမည့် ပြည်ပနိုင်ငံများမှ အဖွဲ့ခေါင်းဆောင်ဆရာတော် ၃၅ ပါးအတွက် တစ်ပါးစီအသုံးပြုရန် ဆလွန်း(1995 Model)မော်တော်ယာဉ်၃၅စီးကို ခေတ္တအသုံးပြုခွင့် အကူအညီပေးလှူဒါန်းမည့်အလှူရှင်များ လိုအပ်လျက်ရှိပါသည်။

၂။ မော်တော်ယာဉ်သုံးစွဲခွင့်လှူဒါန်းရမည့်ကာလမှာ စုစုပေါင်းရှစ်ရက်(၇-၁၂-၂၀၀၄ရက်နေ့မှ ၁၄-၁၂-၂၀၀၄ ရက်နေ့အထိ)ဖြစ်ပြီး အဆိုပါယာဉ်များ၏ စက်သုံးဆီနှင့် အုပ်ချုပ်မှုကိစ္စကို ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီက တာဝန်ယူပါမည်။ လှူဒါန်းလိုသူအလှူရှင်များသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ ကြုံတောင့်ကြုံခဲ ကုသိုလ်ရယူလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| **(က)** | **ဦးလှသောင်းမြင့်** | **ညွှန်ကြားရေးမှူးချုပ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** | **ဖုန်း-၅၇၁၀၀၉** |
| **(ခ)** | **ဒေါ်ခင်ခင်ဝင်း** | **ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** | **ဖုန်း-၅၇၃၁၀၅** |
| **(ဂ)** | **ဦးမြင့်မော်** | **ညွှန်ကြားရေးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန** | **ဖုန်း-၂၉၅၁၇၃** |

**ကြိုဆိုပို့ဆောင်ရေးဆပ်ကော်မတီ**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပဒေသာပင်အလှူရှင်များ ရေစက်ချအလှူမင်္ဂလာနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းကြသော ပဒေသာပင်အလှူရှင်များ၏ (၃၁)ကြိမ်မြောက် ရေစက်ချအလှူမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါဆေးရုံကြီး ဝေဇယန္တာဆောင်ခန်းမ၌ ကျင်းပသည်။**

**ငါးပါးသီလခံယူ**

ရှေးဦးစွာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် သ-စ-အ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ကိုယ်စား အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်လွင်က ပဒေသာပင် အလှူရှင်များ၏ ရေစက်ချမင်္ဂလာနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရခြင်း အကြောင်းရင်းကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၃-၁၁-၂၀၀၄

**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Area Characteristic between complementary places (တတိယနှစ်၊ ပထဝီဝင်အထူးပြု)
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"** (အပိုင်း-၁၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၂၁)

# ဧရာဝတီတိုင်းအတွင်း တံတားကြီးအစင်း ၄၀ တည်ဆောက်ပေးခဲ့ ရေလမ်းသာမက ကုန်းလမ်းပြင့်ပါ ခရီးပေါက်သည့်တိုင်းဖြစ်နေ





ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် ငဝန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပုသိမ်တံတားကို အပေါ်စီးမှ တွေ့ရစဉ်။ (သတင်းစဉ်)

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဧရာဝတီတိုင်း ပုသိမ်တံတားဖွင့်ပွဲအပြီးတွင် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

## ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုတံတား

- ငဝန်မြစ်အနောက်ဘက်ကမ်းရှိ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်တို့ရှိ ကျေးရွာအုပ်စုပေါင်း ၉၃အုပ်စု၊ ရွာပေါင်း၄၈၈ရွာတွင် နေထိုင်ကြသည့် ပြည်သူသုံးသိန်း ကျော်၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်၊
- ဒေသထွက်ရေထွက်ပစ္စည်းဆန်စပါးနှင့်သစ်တောထွက်ပစ္စည်းများ ဈေးကွက်သို့ လွယ်ကူစွာတင်ပို့ရောင်းချနိုင်မည်ဖြစ်၊
- ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေကို လွယ်ကူစွာ သွားရောက်အပန်းဖြေနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုသွားမည့်တံတားကြီးဖြစ်၊
- တံတားမှာ အပေါ်ထည် သံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်၊ အရှည်ပေ ၂၁၄၀ ရှိ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ တံတားအောက် ရေလမ်း ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၈၄၀နှင့် အမြင့် ၃၃ပေ။ ခွင့်ပြုတန်ချိန်ယာဉ်တစ်စီးချင်း ၇၅ တန်၊ ၃၀-၇-၂၀၀၃ ခုနှစ်တွင် ပန္နက်တင်ပြီး တံတားတည်ဆောက်ရေးကာလမှာ တစ်နှစ်နှင့် လေးလကြာမြင့်။



### ပုသိမ်တံတား ညအလှ

မီးရောင်စုံထွန်းညှိထားသည့် ပုသိမ်တံတား၏ ညကာလ မြင်ကွင်းအလှကို ငဝန်မြစ် အရှေ့ဘက်ကမ်းမှ တွေ့ရစဉ်။ (သတင်းစဉ်)



### ခံ့ညားထည်ဝါ

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် ငဝန်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပုသိမ်တံတားကို မြစ်အရှေ့ဘက်ကမ်းမှ ခံ့ညားထည်ဝါစွာ ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

# ဖလူးဂျာမြို့အား အမေရိကန်တပ်များ တိုက်ခိုက်ခဲ့မှု အသက်အိုးအိမ်စည်းစိမ်အများအပြားပျက်စီးဆုံးရှုံးခဲ့

ဖလူးဂျာ နိုဝင်ဘာ ၂၀

**အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများမှာ အသက်ပေါင်းများစွာ သေဆုံးခဲ့ရသကဲ့သို့ ပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ပွား ခဲ့ကြောင်း သိရသည်။ ဖလူးဂျာဒေသခံများ၏ အိမ်များသည် အပျက်အစီးပုံများအဖြစ် ပြောင်းလဲသွားသည်။ အချို့သော အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများသည် ဖလူးဂျာမြို့မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ အရေအတွက် မည်မျှရှိသည်ဆိုသည်ကို အတိအကျမသိကြောင်း အမေရိကန် တပ်မှူးက ပြောကြားခဲ့သည်။**

**ထိမှန်**

အီရတ်နိုင်ငံ၏ အခြားမြို့များ၌လည်း အီရတ်လက်နက်ကိုင်များ၏ တိုက်ခိုက်မှုများ ပျံ့နှံ့ဖြစ်ပွားနေ၍ ပြီးခဲ့သော ဗုဒ္ဓဟူးနေ့ညနှင့် ကြာသပတေးနေ့က ရာမာဒီမြို့၌ အီရတ်လက်နက်ကိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဘဂ္ဂဒက်မြို့ရှိ ရဲစခန်းအပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ပြီး အရပ်သားများ သေဆုံးဒဏ်ရာရရှိခဲ့သည်။ မိုဆူးလ်မြို့ရှိ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ရုံးခန်းကို မော်တာထိမှန်ခဲ့သည်။

**ထိခိုက်သေဆုံး**

အီရတ် ယာယီအစိုးရက ဖလူးဂျာမိသားစုများထံ အစားအစာနှင့် ထောက်ပံ့ငွေဒေါ်လာတစ်ရာပေးခဲ့ပြီး မြို့ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အီရတ်ဝန်ကြီးချုပ်က စီစဉ်ပေးခဲ့သည်။ ဖလူးဂျာအရပ်သားများ ထိခိုက်သေဆုံးမှုအရေအတွက်ကို ယခုထိ တိတိကျကျ မသိရကြောင်း၊ ပြီးခဲ့သည့် ဧပြီလကလည်း ဖလူးဂျာမြို့ကို အမေရိကန်တို့က ထိုးစစ်ဆင် တိုက်ခိုက်မှုပြုလုပ်ခဲ့ဘူးကြောင်း၊ အရပ်သားများ သေဆုံးဒဏ်ရာရရှိခဲ့မှုနှင့် ပတ်သက်ပြီး အမေရိကန်စစ်ဘက်က ၎င်းတို့၌ တာဝန်မရှိကြောင်း ပြောကြားခဲ့သည်။

**ကွဲပြား**

ဖလူးဂျာမြို့မှ ဘဂ္ဂဒက်မြို့သို့ သယ်ဆောင်လာသော အရပ်သားဒဏ်ရာရသူဦးရေသည် ၁၁၉ဦးရှိသည်ဟု အီရတ်ဝန်ကြီးချုပ်ရုံး ရုံးခန်းမှ ပြောကြားချက်သည် အီရတ်ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆေးရုံသတင်းများ၏ ပြောကြားချက်နှင့်ကိုက်ညီမှုမရှိ ကွဲပြားခြားနားနေသည်။ **(စီအင်န်အင်န်)**



ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲရာနေရာသို့ အမေရိကန် စစ်ယာဉ်တစ်စီး ရောက်ရှိလာသည်ကို နိုဝင်ဘာ ၂၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

## လုံခြုံရေးအခြေအနေကြောင့် အီရတ်သို့ခရီးမသွားကြရန် တူရကီအစိုးရကသတိပေး

အန်ကာရာ နိုဝင်ဘာ ၂၁

**ဆောင်ရွက်လုပ်ကိုင်စရာ မရှိလျှင် လုံခြုံရေးအခြေအနေကြောင့် အီရတ်သို့ ခရီးမသွားကြရန် တူရကီနိုင်ငံသားများအား တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့၌ သတိပေးထားသည်။ မကြာသေးသောရက်များ အတွင်း၌ အီရတ်နိုင်ငံတွင် တိုက်ပွဲများ အရှိန်မြင့်လာခဲ့ပြီး အီရတ်နိုင်ငံသားများကိုသာမက နိုင်ငံခြားသားများ၏ အသက်အန္တရာယ်ကို ဆိုးရွားစွာခြိမ်းခြောက်လာခဲ့ကြောင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။**

**ယခုအီရတ်၌ဖြစ်ပေါ်နေသော အခြေအနေများကြောင့် အီရတ်နိုင်ငံ၌ ရှိနေကြသော တူရကီနိုင်ငံသားများ၏ လုံခြုံရေး အာမခံချက်ပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအားတူရကီအစိုးရကဆက်လက်ပြောဆိုနေရုံသာမကဘဲအီရတ်သို့ ခရီးသွားရောက်ခြင်းကို ထိန်းချုပ်ကြရန် တူရကီနိုင်ငံသားများ အကြံပြုကြောင်း ကြေညာချက်၌ ဆက်လက် ဖော်ပြသည်။**

အမ်အင်အေ၊ဆင်ဟွာ

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## တရုတ်၏ အနောက်ဘက်ဒေသများတိုးတက်ရေး ဗဟိုအစိုးရက ထောက်ပံ့မှုများ ဆက်လက်ပေးမည်

ပေကျင်း နိုဝင်ဘာ ၂၁

**တရုတ်ဒုတိယဝန်ကြီးချုပ် ကျန်ပီယန်သည် တရုတ်နိုင်ငံ၏ အနောက်ဘက်ဒေသများ၏ တိုးတက်မှုများ လျော့ကျသွားမည်မဟုတ်ကြောင်းနှင့် တရုတ်အနောက်ဘက်ဒေသ တိုးတက်ရေးစီမံကိန်းကို ဗဟိုအစိုးရက ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**

ပြီးခဲ့သည့် ကြာသပတေးနေ့က နန်နင်းတွင် ပြုလုပ်ခဲ့သော ၂၀၀၄ခုနှစ် တရုတ်နိုင်ငံ အနောက်ဘက်ဒေသ ဖွံ့ဖြိုးရေးဆွေးနွေးပွဲတွင် ကျန်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

**ထုတ်ဖော်**

၎င်းဆွေးနွေးပွဲသည် တရုတ်အနောက်ဘက်ဒေသများတိုးတက်ရေးအတွက် အဓိကပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲ လွန်ခဲ့သည့် ငါးနှစ်အတွင်း ရရှိခဲ့သော အောင်မြင်မှုများကို ထုတ်ဖော် ပြောကြားခဲ့သည်။ အနောက်ဘက်ဒေသများ၏ ကုန်ထုတ်လုပ်မှုသည် နှစ်စဉ်ပျမ်းမျှ ၁၀ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပြောကြားသည်။ ဗဟိုအစိုးရအနေဖြင့် ယခုကဲ့သို့ တိုးတက်ရေးအတွက် ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ပထမနှစ်ဝက်တွင် နောက်ဘက်မှ အရှေ့ဘက်သို့ လျှပ်စစ်ဓာတ်အားပေးပို့မှုမှာ ကီလိုဝပ် ခြောက်သိန်းအထိ တိုးမြှင့်၍ပေးပို့နိုင်ပြီး ကီလိုမီတာ လေးထောင်ရှည်သော ပိုက်လိုင်းများနှင့် အနောက်မှ အရှေ့သို့ သဘာဝဓာတ်ငွေ့များကို သယ်ယူမှုသည်လည်း အစီအစဉ်ထက် ပို၍စောပြီး ပြီးစီးပြီဖြစ်သည်။ ထို့အပြင် အဝေးပြေး လမ်းမကြီးကိုလည်း ကီလိုမီတာ ခြောက်ထောင်ထိ တိုးချဲ့ဖောက်လုပ်မည်ဖြစ်သည်။ ယခုအခါ အစိုးရက အခြေခံအဆောက် အအုံများနှင့် ဂေဟစနစ်များ ကာကွယ်ရေး စီမံကိန်းကိုလည်း အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စီစီတီဗွီ)**

## အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး ဂျာမနီကုမ္ပဏီများပါဝင်ကူညီရန် အီရတ်လိုလား

ဘာလင် နိုဝင်ဘာ ၂၁

**အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဂျာမန်စီးပွားရေးလုပ်ငန်းများအကူအညီပေးရန် အီရတ်နိုင်ငံက လိုလားကြောင်း၊ တပ်ဖွဲ့ဝင်များ အကူအညီပေးရန် မလိုကြောင်း အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အီယာ့ဒ်အာလာဝီက ပြောကြားသည်။**

အာရပ်စော်ဘွားများနိုင်ငံတွင် အီရတ်ရဲအဖွဲ့နှင့် စစ်ဘက်ကို လေ့ကျင့်ပေးရန် ဂျာမနီနိုင်ငံ၏ ကြိုးပမ်းမှုများအပြင် အီရတ်ကြွေးမြီကို လျှော်ပစ်ရန် ကမ်းလှမ်းချက်ကို အီရတ်နိုင်ငံက သဘောပေါက်နားလည်ကြောင်း အာလာဝီက ပြောကြားသည်။ တပ်ဖွဲ့ဝင်များ အကူအညီပေးရန် ဂျာမနီနိုင်ငံကို မိမိတို့ မတောင်းဆိုကြောင်း၊ မိမိတို့နိုင်ငံ ပြန်လည် တည်ဆောက်ရေးတွင် ဂျာမန်စီးပွားရေး လုပ်ငန်းများ ပါဝင်ကူညီမည်ဟု မျှော်လင့်ကြောင်း အာလာဝီက ဆက်လက်ပြောကြားသည်။

**ကြုံတွေ့ခဲ့**

မိမိ၏ပြည်သူများသည် ကာလကြာမြင့်စွာ ဒုက္ခများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း အကူအညီဖြင့် မိမိတို့၏ ဘဝတည်ငြိမ်ရေး၊ ဂုဏ်သိက္ခာရှိရေး၊ ကြီးပွားတိုးတက်ရေးကို ပြန်လည်တည်ဆောက်ရန် အခွင့်အလမ်း ယခုအခါ မိမိတို့၌ ရှိကြောင်းလည်း အာလာဝီက ပြောကြားသည်။

**ပါဝင်လုပ်ကိုင်**

ဂျာမနီကုမ္ပဏီများသည် အရှေ့အလယ်ပိုင်းဒေသအနှံ့တွင် ကြီးမားသော စီမံကိန်းများ၌ ပါဝင်လုပ်ကိုင်ခဲ့ကြရာ အထူးသဖြင့် ဆောက်လုပ်ရေးနှင့် အခြားအခြေခံ အဆောက်အအုံကဏ္ဍများ၌ လုပ်ကိုင်ကြသည်။

**အမ်အင်အေ၊ရိုက်တာ**



**တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အဆောက်အအုံများကို နိုဝင်ဘာ၂၀ရက်က တွေ့ရစဉ်။**
(တရုတ်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။)
**(ဓာတ်ပုံ–အင်တာနက်)**

## ရှေးဦးလူသား အမျိုးသားနှင့်အမျိုးသမီးတို့၏ ရုပ်ကြွင်းများ ရှေးဟောင်းသုတေသနပညာရှင်များ တူးဖော်ရရှိ၍ဂျော်ဂျီယာ၌ပြသ

တီဘလီဆီ နိုဝင်ဘာ ၂၁

**ဂျော်ဂျီယာသမ္မတနိုင်ငံရှိ ဒမန်နီစီဒေသတွင် ရှေးဦးလူသားအမျိုးသားနှင့် အမျိုးသမီးတို့၏ ရုပ်ကြွင်းများကို ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်တွေ့ရှိခဲ့ကြသည်။ ထိုလူသားရုပ်ကြွင်းများကို ဂျော်ဂျီယာနိုင်ငံပြတိုက်၌ ခင်းကျင်းပြသထားကြောင်း၊ ယင်းပြတိုက်၌ လူသားရုပ်ကြွင်းအများအပြားကို တစ်စုတစ်ဝေးတည်း လေ့လာနိုင်ကြောင်း သိရသည်။**

ယင်းလူသားများသည် အာဖရိကနယ်မြေမှရွှေ့ပြောင်းရောက်ရှိလာသော ပထမဆုံး လူသားများဖြစ်ကြောင်း၊ ဒမန်နီစီ ရှေးဟောင်းသုတေသနရှာဖွေမှုဌာနကို လွန်ခဲ့သည့် ၁၉၈၁ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ် ကြောင်း၊ အဆိုပါရှာဖွေမှုဌာနသည် အာဖရိကတိုက်မှ ဥရောပနှင့် အာရှဒေသတို့၏ရှေးခေတ်လူသားရုပ်ကြွင်း အများဆုံး တွေ့ရှိရာ ဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

နောက်ထပ်တူးဖော်ရရှိမှုမှာ ဂျော်ဂျီယာနိုင်ငံ အနောက်ပိုင်းရှိ ဂျီယာထရာပိုင်နက်တွင် မန်ဒါလချီခေတ်က ကော့တန်ဟုခေါ်တွင်သော အမျိုးသားတစ်ဦး၏ အရိုးစုအပြည့် အစုံနှင့် အသုံးအဆောင်များ ကို ကျောက်တုံးများအောက်မှ တူးဖော်ရှာဖွေရရှိခဲ့ကြောင်း၊ ၎င်းတို့၏ သက်တမ်းမှာ နှစ်ကိုးသိန်းကျော် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ တူးဖော်မှုလုပ်ငန်းရပ်ကို ဂျော်ဂျီယာပြတိုက်၊ ဟောင်းဝဲ့ဒ်တက္ကသိုလ်နှင့် ဟီဘရီတက္ကသိုလ်တို့သည် ပညာရှင်များ၏ ကြီးကြပ်မှုအောက်တွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူသားများ အဆင့်ဆင့်ဖြစ်ပေါ် ပြောင်းလဲမှုနှင့် လူသားအစကို လေ့လာရန်အတွက်ဖြစ်ကြောင်း သိရသည်။ ရှာဖွေတွေ့ရှိခဲ့သည့် ရှေးဟောင်း လူသား၏ အရိုးစုများနှင့် အသုံးအဆောင်များကို ရှင်းလင်းဆေးကြောကာ ဂျော်ဂျီယာ နိုင်ငံပြတိုက်၌ လေ့လာနိုင်ရန် ခင်းကျင်းပြသထားမည် ဖြစ်သည်။ **(စီအင်န်အင်န်)**

23-11 (04).p65 1 3/24/05, 10:06 AM



**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)စတုတ္ထနေ့နှင့်နောက်ဆုံး နေ့ ဒုတိယပိုင်းတွင် သဘာပတိ အဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး၊ သဘာ ပတိ အဖွဲ့ဝင်များအဖြစ် ဗဟို အလုပ်အမှုဆောင်များဖြစ် ကြ သော ဦးအောင်မင်းနှင့် ဦးအောင် သိန်းလင်းတို့က ဆောင်ရွက်ကြ စဉ်။**

**(သတင်းစဉ်)**

● *ကျောဖုံးမှ*

## တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်မင်းနှင့် ဦးအောင်သိန်းလင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း စဉ့်ကိုင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီအောင်က လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် ရှားတောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်ချောစုရည်က လည်းကောင်း ဆောင်ရွက်ကြသည်။

## အခမ်းအနားမှူး

အစီအစဉ်အရ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) တွင် မိန့်ကြားခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဩဝါဒမိန့်မှာချက်များကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားရန် ဤအစည်းအဝေးကြီးက ဆုံးဖြတ်ကြောင်း ကြေညာသည်။

## အတည်ပြုကြောင်းကြေညာ

ထို့နောက် သဘာပတိအထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့်ပတ်သက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆန္ဒကိုရယူရာ အသင်း အဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်း အဝေး(၂၀၀၄)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ သဘာပတိ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)သို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသော ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ရန် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ဆန္ဒကိုရယူရာ အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ရန် ဤအစည်း အဝေးက ဆုံးဖြတ်ကြောင်း ကြေညာသည်။

## မှတ်တမ်းတင်

ထို့နောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တင်သွင်းသည့် ဗဟို အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်ကို မှတ်တမ်းတင်ရေးနှင့် စပ်လျဉ်း၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ဆန္ဒကိုရယူရာ အသင်း အဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်ကို မှတ်တမ်းတင် ကြောင်း ကြေညာသည်။

ဆက်လက်၍ သဘာပတိက နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၏ ပထမနေ့တွင် တင်သွင်းသည့် ပြည်နယ်နှင့် တိုင်းအလိုက် တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို မှတ်တမ်းတင်ရန် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆန္ဒကိုရယူရာ အသင်းအဆင့် ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ပြည်နယ်နှင့် တိုင်း အလိုက် တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိက နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် တင်သွင်းသည့် စုဖွဲ့မှုများအလိုက် စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေး၊ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ရေးနှင့်ပတ်သက်ပြီး အစည်းအဝေး၏ဆန္ဒကိုရယူရာ အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက သဘောတူသည့်အတွက် စုဖွဲ့မှုများအလိုက် စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ပညာရေး၊ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံး ညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် မျိုးဆက်သစ် လူငယ်တို့၏ စွမ်းရည်မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှော ဖလှယ်ပွဲမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍အခမ်းအနားမှူးက သဘာပတိ၏ခွင့်ပြုချက်အရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးက ချမှတ်လိုက်သည့် ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်း တစ်ရပ်နှင့် မှတ်တမ်း တင်ခြင်း သုံးရပ်တို့ကို တင်ပြသည်။

## ဝမ်းမြောက်ဂုဏ်ယူ

ယင်းနောက် သဘာပတိ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယနေ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ၏ နောက်ဆုံးနေ့ ဖြစ်ကြောင်း၊ ဤနှစ်တွင် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးများကို ချမှတ်ပေးထားသော ဦးတည်ချက်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်ရေးအတွက် အလေးထားပြီး ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီး ကျင်းပရာတွင်လည်း ချမှတ်ပေးထားသည့် ဦးတည်ချက်(၇)ရပ်ကို ရှေးရှုပြီး အသင်းအဆင့်ဆင့်၏ တစ်နှစ်တာကာလ အကောင်အထည်ဖော်ခဲ့ကြသော လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အခြေပြု ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း၊ စုံညီအစည်းအဝေးများ၏ စည်းရုံးရေးရာ၊ စီမံရေးရာ၊ စီးပွားရေးရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ၊ ပညာရေးရာ၊ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏ စွမ်းရည်မြင့်မားရေး အစုအဖွဲ့ များ၏ နှီးနှောဖလှယ်ပွဲများတွင်လည်း ဒေသအသီးသီးက ကိုယ်စားလှယ်များက ဘက်စုံ၊ ထောင့်စုံ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း၊ လက်တွေ့နယ်ပယ်တွင် အကျိုးများစေမည့် ဆုံးဖြတ်ချက်များကိုလည်း အောင်မြင်စွာချမှတ်နိုင်ခဲ့ကြကြောင်း၊ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်း အဝေးကြီးကို အနှစ်သာရရှိရှိ၊ အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြ သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

အစည်းအဝေးကြီးတွင် ပြည်နယ်နှင့်တိုင်းအသီးသီးက ကိုယ်စားလှယ် များအနေဖြင့် ချမှတ်ထားသော လုပ်ငန်းစဉ်များအပေါ် မိမိတို့၏ နယ်မြေအလိုက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်း တင်ပြခဲ့ကြကြောင်း၊ ဤတင်ပြချက်များကို ခြုံငုံကြည့်မည်ဆိုလျှင် အသင်းဝင်များ အတွင်း ကျစ်လျစ်ခိုင်မာသည့် စည်းလုံးမှုရအောင် တည်ဆောက်မှုအခြေအနေများ၊ အသင်းဝင်များအတွင်းယုံကြည်ချက်၊ ခံယူချက်များ စွဲမြဲခိုင်မာရေးနှင့် အရည် အချင်းပြည့်ဝစေရေးအတွက် လေ့ကျင့်ပျိုးထောင်မှု အခြေအနေများ၊ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်များဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး အတွက် ပါဝင်ဆောင်ရွက်မှုအခြေအနေများ၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်း စဉ်(၅)ရပ် အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်မှုအခြေအနေများ၊ ကျေးလက် မီးလင်းရေးများတွင် အသင်းဝင်များ၏ တက်ကြွစွာစည်းရုံး ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသွားကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး အတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ကြသည်ကိုလည်း တွေ့ကြရမည် ဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့်အနေဖြင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်း အဝေး(၂၀၀၃)က ချမှတ်ပေးခဲ့သော ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရည်မှန်းချက်တူသည့် အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများဖြင့် ဝိုင်းဝန်း အကောင်အထည်ဖော်နိုင်ခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ချမှတ် ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များသည် နယ်မြေအကျိုးအတွက် အမှန်တကယ်ဖြစ်ထွန်းစေနိုင်ပြီး အသင်းဝင်များအနေဖြင့်လည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အသင်းကြီး၏ ထိရောက်အောင်မြင်သည့် လုပ်ဆောင်မှုများကြောင့် နယ်မြေ လူထု၏ ခင်မင်မှု၊ ယုံကြည်မှု၊ အသိအမှတ်ပြုမှုများရလာပြီး အသင်းဝင် ရောက်လာမှုကြောင့် အသင်းဝင်အင်အား တိုးတက်များပြားလာသည်ကိုလည်း ကြည်နူးဖွယ် တွေ့ကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ပြောရလျှင် အသင်းကြီးအနေဖြင့် ပြည်သူ့အကျိုးပြုသည့် လက်တွေ့ကျသည့် လုပ်ငန်းများ ဆောင်ရွက်ရာက နယ်မြေအတွင်း စည်းရုံးမှုကို တိုးချဲ့တည်ဆောက်နိုင်ခြင်း ပင်ဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့်၏ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းကို ဗဟိုအလုပ် အမှုဆောင်အဖွဲ့၏ကိုယ်စား ပြောကြားလိုပါကြောင်း။

## အလေးထားမှတ်သားအကောင်အထည်ဖော်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် အနာဂတ်နိုင်ငံတော်သစ်ကို ပုံဖော်တည်ဆောက် ရာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် ထိရောက်စွာ ပါဝင်အကောင်အထည်ဖော်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကိုယ်တိုင် ကိုယ်ကျ ကြွရောက်ပြီး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နာယကကြီးအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက် ရေးတွင် လူသားအရင်းအမြစ်၏အရေးပါမှု၊ နိုင်ငံတော်၏ပကတိ အခြေ အနေများကို လေ့လာဆန်းစစ်နိုင်စွမ်းရှိသည့် လူငယ်များအဖြစ် အစဉ် လေ့ကျင့်ပျိုးထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ရာတွင် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရရှိလာခဲ့မှု



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံး ကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့နှင့်နောက်ဆုံးနေ့ ဒုတိယပိုင်း တွင် အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် ရှားတော မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်ချောစုရည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)**

အခြေအနေ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေ အနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ နာယကကြီးအနေဖြင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးမှာ အဓိကအကျဆုံးလိုအပ်ချက်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေး ဖြစ်တယ်လို့ နိုင်ငံတော်အစိုးရက မပိုတ်မသုန် ယုံကြည်တယ်ဟု မိန့်ကြားခဲ့ပါကြောင်း၊ ဤယုံကြည်ချက်အရ လက်နက်ကိုင်အင်အားစုများနှင့် ငြိမ်းချမ်းမှုရရှိအောင် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုအခြေအနေများ ရရှိလာမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည် ဖော်နိုင်မှုများကိုလည်း ရှင်းလင်းမိန့်ကြားခဲ့ကြောင်း၊ နာယကကြီးအနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် အမျိုးသား စည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင်ကာကွယ်စောင့်ရှောက် သွားမှာဖြစ်ကြောင်း အလေးအနက်ပြောလိုတယ်ဟုလည်း ထပ်ဆင့်မိန့် ကြားခဲ့ပါကြောင်း၊ နာယကကြီးအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်မယ်ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့ရဲ့ စီးပွားရေးတောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့ဟာ ပဓာနကျတဲ့လိုအပ်ချက်များဖြစ်တယ်ဟုလည်း လမ်းညွှန်ခဲ့ပါကြောင်း၊ နိဂုံးချုပ်တွင်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မြဲအောင်အားထုတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်နဲ့ပြည်သူများရဲ့ စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စု

*စာမျက်နှာ ၆ သို့*





## အမှာစကားပြောကြား

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)စတုတ္ထနေ့နှင့် နောက်ဆုံးနေ့ ဒုတိယပိုင်းတွင် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိဂုံးချုပ် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

*စာမျက်နှာ ၅ မှ*

စိတ်ဓာတ်ကိုအရင်းတည်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲရေးတို့ကို တိုက်တွန်းလမ်းညွှန်သွားခဲ့ပါကြောင်း၊ နာယကကြီး၏မိန့်မှာချက်များသည် အမျိုးသားရေးပန်းတိုင်ကိုရောက်အောင် အကောင်အထည်ဖော်ကြရာတွင် အသင်းကြီးအနေဖြင့် ပါဝင်ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းသိသာအောင် လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်အနေဖြင့် နာယကကြီး၏လမ်းညွှန်သြဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူအကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

အသင်းကြီးရဲ့ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအနေဖြင့်လည်း အစည်းအဝေးကြီး၏အကြိုနေ့တွင် အမှာစကားပြောကြားခဲ့ပါကြောင်း၊ ဗဟိုနာယကအဖွဲ့ဝင်က အမှာစကားပြောကြားရာတွင် အသင်းကြီးအနေဖြင့် စုစည်းညီညွတ်သည့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အဖြစ် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်ဦးဆောင်မှုအောက်တွင် ပြည်သူ့အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့သည့်အတွက် လူတန်းစားအလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံက ယုံကြည်သက်ဝင် ပူးပေါင်းဆောင်ရွက်မှုကြောင့် အသင်းဝင်အင်အား တိုးတက်လျက်ရှိနေသည့်အခြေအနေ၊ အသင်းအတွင်း ကျစ်လျစ်ခိုင်မာသည့် စည်းရုံးရေးရရှိအောင် ကြိုးပမ်းတည်ဆောက်မှုအခြေအနေများ၊ ယုံကြည်ချက်၊ ခံယူချက်ခိုင်မာပြီး စွမ်းရည်ပြည့်ဝသောအသင်းဝင်များ၊ အရည်အချင်းပြည့်ဝသော အသင်းဝင်များဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးမှု၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်မှုနှင့် အောင်မြင်မှုရလဒ်များ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် ကျေးလက်မီးလင်းရေးတို့တွင် အသင်းကြီး၏ပါဝင်ဆောင်ရွက်နိုင်မှုကြောင့် လူနေမှုဘဝ တိုးတက်မြင့်မားလာမှုအခြေအနေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွေ့ပါဝင်ဆောင်ရွက်မှုများကြောင့် ပြည်သူတို့၏ရင်းနှီးယုံကြည်အားကိုးမှုများရရှိမည်ဖြစ်သည့်အတွက် တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၏ ဦးတည်ချက်များအောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပါကြောင်း၊ ဗဟိုနာယကအဖွဲ့ဝင်၏မှာကြားမှုများသည် အသင်းဝင်များအနေဖြင့် လက်တွေ့နယ်ပယ်တွင် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် လုပ်ဆောင်မှုများဖြစ်ကြောင်း၊ ထို့ကြောင့် အလေးထားပြီး မှတ်သားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ်ရောက်အောင် ပုံဖော်တည်ဆောက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပြီး ချမှတ်ထားသည့် သန္နိဋ္ဌာန်နှင့်အညီ ပုံဖော်တည်ဆောက်ပေးနေပြီဖြစ်ကြောင်း၊ရေရှည်တည်တံ့ ခိုင်မြဲသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မြဲအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသကဲ့သို့ ပဓာနကျသည့် လိုအပ်ချက်များဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ အမျိုးသားပညာရည်မြင့်မားရေးအတွက်လည်း တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာတွင် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသပါမကျန်စေရအောင် နိုင်ငံတော် တစ်နံတစ်လျားမှ အကြားအလပ်မရှိ၊ ကွက်လပ်မရှိရအောင် အစီအစဉ်ရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် တစ်ဦးကောင်း တစ်ယောက်ကောင်းအတွက် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးအတွက် မှန်ကန်မွန်မြတ်သော စိတ်ရင်းစေတနာမှန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်ဆိုသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှုများသည် ထင်ပေါ်ကျော်ကြားလိုသည့်ဆန္ဒဖြင့် ပြုလုပ်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်နှင့် နယ်မြေလူထု၏ ပကတိ လိုအပ်ချက်ကို မိမိဌာရှိသည့် ဓနအင်အားအခြေအနေအရ အတတ်နိုင်ဆုံး စေတနာသန့်သန့်ဖြင့် ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်ကို သိမြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတော်အတွင်း နေရာတိုင်း ကဏ္ဍတိုင်းတွင် တွေ့မြင်ခံစားကြရမည်ဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် စိတ်ရှည်သည်းခံပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် စေတနာရှေ့ထားပြီး စည်းရုံးနိုင်စွမ်း ရှိကြရမည်ဖြစ်ကြောင်း၊ အသင်းဝင်တိုင်း ခိုင်မာသော ယုံကြည်ချက်၊ စွဲမြဲသောခံယူချက်၊ ပကတိတည်ငြိမ်ကြံ့ခိုင်သောစိတ်ဓာတ်တို့ဖြင့် အောင်မြင်မှုရအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူနှင့် မပြတ်ထိတွေ့ပြီး ရင်းနှီးခင်မင်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိအောင်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ဆန္ဒနှင့် လိုအပ်ချက်ကိုလည်း သိရှိအောင် ဆောင်ရွက်ပြီး ဝိုင်းဝန်းကူညီ ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများအား ပကတိဖြစ်ရပ်မှန်များကို ရှင်းလင်း ပြောကြားပြီး မဟုတ်မမှန် လုပ်ကြံပြောကြားမှုမျိုးကို နားမယောင်မိအောင်လည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းအကောင်အထည်ဖော်

သင်းလုံးကျွတ် အစည်းအဝေးကြီးအနေဖြင့် အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ အစည်းအဝေးကြီးပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြသူများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ကိုယ်စား မှတ်တမ်းတင်ပြောကြားလိုပါကြောင်း၊ အစည်းအဝေးကြီးက ဖော်ထုတ်ရရှိခဲ့သည့် ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် လမ်းညွှန်မှုများသည် အထူးပင်အရေးပါပြီး အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်မှုတိုင်းသည်လည်း နယ်မြေလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုး တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ဒေသကို ပြန်လည်ရောက်ရှိကြသည့်အခါတွင် အသင်းဝင်များ၏စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူထု၏ဘဝ၊ ဆန္ဒ၊ ခံစားချက်များကို လေ့လာပြီး နယ်မြေအကျိုး၊ နယ်မြေလူထု၏ အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မှုများကနေ နယ်မြေလူထု၏ ခင်မင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အသိအမှတ်ပြုမှုများကို တိုးမြှင့်ရရှိလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်မှုများကြောင့် နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိလာကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသင်းအဆင့်ဆင့်အနေဖြင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးက ဖော်ထုတ်ရရှိသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များ၊ လမ်းညွှန်ချက်များကို သဘောပေါက်နားလည်စွာဖြင့် အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အသင်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များက **ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး(ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ဖော်ဆောင်ရေး(ဒို့အရေး၊ ဒို့အရေး)ဟု** ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၁၁နာရီတွင် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

- **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်တို့သည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာကွယ်တည်ဆောက်ရေး၊**
- **နိုင်ငံတော်ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ချမှတ်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကို အသင်းကြီး၏မူဝါဒအဖြစ် ခံယူကျင့်သုံးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊**
- **ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ အောင်မြင်စေရေးအတွက် ပြည်သူတို့နှင့်အတူ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး၊**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်၍ ယင်းလိုအပ်ချက်များ အောင်မြင်ပြည့်စုံရေးအတွက် အသင်းကြီးက တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်ရေး၊**
- **နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တတိယကာလတိုင်းနှစ်စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်း ဆောင်ရွက်သွားရေး၊**
- **အသင်းဝင်များ၏ အရည်အသွေး၊ အရည်အချင်းစွမ်းရည်များမြှင့်တင်ရင်း နယ်ပယ်အားလုံး ကွက်ပြည့်တိုးချဲ့စည်းရုံးရေးနှင့် ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊**
- **အသင်းနာယကကြီး မိန့်ကြားသောသြဝါဒများကို မိမိတို့၏လုပ်ငန်း လမ်းညွှန်အဖြစ် ခံယူလိုက်နာ ကျင့်သုံးရေးတို့ဖြစ်သည်။**

### အတည်ပြုခြင်း

အတည်ပြုခြင်းတစ်ရပ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့ နိုဝင်ဘာ ၁၄ ရက်တွင် တင်သွင်းသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတည်ပြုခြင်းဖြစ်သည်။

### မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းသုံးရပ်အနက် မှတ်တမ်းတင်ခြင်းအမှတ်(၁)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ပထမနေ့ နိုဝင်ဘာ ၁၄ ရက်တွင် တင်သွင်းသည့် ဗဟို အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင်ပါရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်များကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်(၂)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)ပထမနေ့ နိုဝင်ဘာ ၁၄ ရက်တွင် တင်သွင်းသည့် ပြည်နယ်နှင့်တိုင်းအလိုက် တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို မှတ်တမ်းတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်းအမှတ်(၃)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) တတိယနေ့ နိုဝင်ဘာ ၁၆ ရက်တွင် တင်သွင်းသည့် စုဖွဲ့မှုများအလိုက် စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ ပညာရေး၊ အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် မျိုးဆက်သစ်လူငယ်တို့၏ စွမ်းရည်မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ခြင်းတို့ဖြစ်သည်။ **(သတင်းစဉ်)**

**နိုဝင်ဘာ ၂၀ ရက်က အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ အဌမအကြိမ်မြောက် မဟာဘုံကထိန်ပွဲကို အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်ဇနီးက ဆရာတော် ထံ က ထိန် သင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။** (စက်မှု-၂)



# ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြို စွမ်းရည်ပြိုင်ပွဲများကျင်းပ၊ အလှူငွေများလှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၂

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃ရက်တွင်ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" အကြိုလှုပ်ရှားမှုအဖြစ် မသန်စွမ်းသူများ၏ စွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ ကျောင်းများ၌ အသီးသီးကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာန ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မသန်စွမ်းကျောင်းများမှ ကျောင်းအုပ်များ၊ ပြိုင်ပွဲဝင်များ၊ ဧည့်ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ထူးချွန်ဆုရသူများအား ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။



**ဆက်သွယ်လှူဒါန်းနိုင်**

၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် အလှူငွေများ လှူဒါန်းလိုသော အလှူရှင်များသည် ဦးဘိုးသန်း ညွှန်ကြားရေးမှူး ဖုန်း-၆၆၂၅၉၁ နှင့် ဦးမောင်မြင့် ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၆၆၃၉၂၊ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်) မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်းသို့ ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုဆံသ၊ ပိုးဇာပုံနှိပ်နှင့် ဓာတ်ပုံပြိုင်ပွဲကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (လူမှုဝန်ထမ်း)

# ၂၀၀၃ခုနှစ်အတွက် စာပေဗိမာန် စာမူဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် နိုဝင်ဘာ ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသော စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ၂၀၀၃ခုနှစ်အတွက် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။**

**ဝတ္ထုရှည်ဆု**တွင် ပထမဆုကို အောင်လင်းလတ်(ဥက္ကလာ)၏ **"အိပ်မက် လှလှမက်ပါစေ"**ကလည်းကောင်း၊ ဒုတိယဆုကို တွင်းကြီးသားတင်ဝင်းဦး၏ **"လင်းလက်ကြယ်တို့ပျော်ရာမြေ"**ကလည်းကောင်း၊ တတိယဆုကို အောင်သူရိန်(ပုလဲ)၏**"ပုံတောင်သားတို့၏ ဂုဏ်ဆောင်ဓား"**ကလည်းကောင်းရရှိသည်။

**ဝတ္ထုတိုပေါင်းချုပ်ဆု**တွင် ပထမဆုကို မြေလတ်မင်းလွင်၏**"အောင်စေ ပိုင်စေနှင့်အခြားဝတ္ထုတိုများ"**ကလည်းကောင်း၊ ဒုတိယဆုကို နေစိုးသော်၏ **"နှလုံးသားရွှေအမြုတေ"**ကလည်းကောင်း၊ တတိယဆုကို သက်သက်သင်း(ပညာရေး)၏**"ပြုံးပန်းတစ်ရာပွင့်ရာပြီလေနှင့်အခြားဝတ္ထုတိုများ"**ကလည်းကောင်း ရရှိသည်။

**ကဗျာပေါင်းချုပ်ဆု**တွင် ပထမဆုကို ဇာနည်၏**"နှင်းနုညအလှ ဖူးသစ်ကဗျာများ"**က လည်းကောင်း၊ ဒုတိယဆုကို တင့်ထွန်း(ချောက်)၏**"အရိမဒ္ဒနတိုင်း အနှိုင်းမဲ့ရွှေပြည်"**ကလည်းကောင်း၊ တတိယဆုကို မကျည်းတန် (လှိုင်ကော်)၏**"နရဏီကဗျာများ"**ကလည်းကောင်း ရရှိသည်။

**သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆု**တွင် ပထမဆုကို သတင်းထောက်သောင်း ညွှန့်(ဖျာပုံ)၏ **"အမျိုးသမီးများ သိမှတ်ဖွယ်ရာ ဥပဒေရေးရာ"**ကလည်းကောင်း၊ ဒုတိယဆုကို ထန်လှိုင်၏**"ပင်းယ၊ အင်းဝခေတ်မြန်မာစာပေ"**ကလည်းကောင်း၊ တတိယဆုကို ယမင်း၏**"စာပေဗိမာန်စာတမ်းများတစေ့တစောင်း"**ကလည်းကောင်းရရှိသည်။

**သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ဆု**တွင် ပထမဆုကို မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ **"သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးမှသည် e-Government ဆီသို့"**ကလည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာတင်တင်မြိုင်၏ **"ဘေးကင်း စာကိုစားကြစို့"**ကလည်းကောင်း၊ တတိယဆုကို ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏**"ငွေရောင်လူသားများ"**က လည်းကောင်း ရရှိသည်။

**စာပဒေသာဆု**တွင် ပထမဆုကို မြို့မ-မြင့်ကြွယ်၏**"မြို့မဆရာကြီး ဦးဘလွင်(သို့မဟုတ်) အမျိုးသားပညာရေးနိဒါန်းအစ"**ကလည်းကောင်း၊ ဒုတိယဆုကို ရွှေနဂါးတင်ဝင်း၏**"လူမှုစီးပွား၊ စက်မှုနှင့်ပတ်ဝန်းကျင်"**ကလည်းကောင်း၊ တတိယဆုကို မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ **"မြင်စိုင်းအလွန်"**ကလည်းကောင်း ရရှိသည်။

**မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု**တွင် ပထမဆုကို သျှင်ထွေးယဉ်(မနုဿ)၏ **"မေယုတောင်စွယ်ကြားမှ သွေးချင်းမောင်မယ်များ"**ကလည်းကောင်း၊ ဒုတိယဆုကိုသက်နွယ်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **"ကမ္ဘာ့ဂီတသင်္ကေတသမိုင်း"**ကလည်းကောင်း၊ တတိယဆုကို အေးအေးစိုး(ဖျာပုံ)၏**"ရုပ်ရှင်သမိုင်း နှင့်မြန်မာ့ရုပ်ရှင်မှတ်တမ်း"**ကလည်းကောင်းရရှိသည်။

**ကလေးစာပေဆု**တွင် ပထမဆုကို သိပ္ပံစိုးမြင့်နိုင်၏**"ကလေးများအတွက် ပတ်ဝန်းကျင်မှ လျှပ်စစ်သုတ"**ကလည်းကောင်း၊ ဒုတိယဆုကို မောင်သက်နှင်း(မ/ဥ)၏**"ရတနာဆည်းလည်းမြမျက်ရွဲကဗျာများ"**ကလည်းကောင်း၊ တတိယဆုကို ပန်းတနော်နောင်လတ်၏**"ကဗျာလည်းသင် ပညာသင်"** ကလည်းကောင်းရရှိသည်။

# ၂၀၀၃ခုနှစ်အတွက် စာပေဗိမာန် စာမူဆုရရှိသူများ

| စဉ် | ဘာသာရပ် | စာမူအမည် | ရေးသူ | ဆုအမျိုးအစား |
|---|---|---|---|---|
| ၁ | ဝတ္ထုရှည်ဆု | အိပ်မက်လှလှမက်ပါစေ | အောင်လင်းလတ်(ဥက္ကလာ) | ပထမဆု |
| ၂ | ဝတ္ထုရှည်ဆု | လင်းလက်ကြယ်တို့ပျော်ရာမြေ | တွင်းကြီးသားတင်ဝင်းဦး | ဒုတိယဆု |
| ၃ | ဝတ္ထုရှည်ဆု | ပုံတောင်သားတို့၏ဂုဏ်ဆောင်ဓား | အောင်သူရိန်(ပုလဲ) | တတိယဆု |
| ၄ | ဝတ္ထုတိုပေါင်းချုပ် | အောင်စေပိုင်စေနှင့်အခြားဝတ္ထုတိုများ | မြေလတ်မင်းလွင် | ပထမဆု |
| ၅ | ဝတ္ထုတိုပေါင်းချုပ် | နှလုံးသားရွှေအမြုတေ | နေစိုးသော် | ဒုတိယဆု |
| ၆ | ဝတ္ထုတိုပေါင်းချုပ် | ပြုံးပန်းတစ်ရာပွင့်ရာပြီလေနှင့်အခြားဝတ္ထုတိုများ | သက်သက်သင်း(ပညာရေး) | တတိယဆု |
| ၇ | ကဗျာပေါင်းချုပ် | နှင်းနုညအလှဖူးသစ်ကဗျာများ | ဇာနည် | ပထမဆု |
| ၈ | ကဗျာပေါင်းချုပ် | အရိမဒ္ဒနတိုင်း အနှိုင်းမဲ့ရွှေပြည် | တင့်ထွန်း(ချောက်) | ဒုတိယဆု |
| ၉ | ကဗျာပေါင်းချုပ် | နရဏီကဗျာများ | မကျည်းတန်(လှိုင်ကော်) | တတိယဆု |
| ၁၀ | သုတပဒေသာ(ဝိဇ္ဇာပညာရပ်) | အမျိုးသမီးများသိမှတ်ဖွယ်ရာဥပဒေရေးရာ | သတင်းထောက်သောင်းညွှန့်(ဖျာပုံ) | ပထမဆု |
| ၁၁ | သုတပဒေသာ(ဝိဇ္ဇာပညာရပ်) | ပင်းယ၊အင်းဝခေတ်မြန်မာစာပေ | ထန်လှိုင် | ဒုတိယဆု |
| ၁၂ | သုတပဒေသာ(ဝိဇ္ဇာပညာရပ်) | စာပေဗိမာန်စာတမ်းများတစေ့တစောင်း | ယမင်း | တတိယဆု |
| ၁၃ | သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) | သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးမှသည် e-Government ဆီသို့ | မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) | ပထမဆု |
| ၁၄ | ״ | ဘေးကင်းစာကိုစားကြစို့ | ဒေါက်တာတင်တင်မြိုင် | ဒုတိယဆု |
| ၁၅ | ״ | ငွေရောင်လူသားများ | ဒေါက်တာမြင့်သန်း(ညောင်လေးပင်) | တတိယဆု |
| ၁၆ | စာပဒေသာဆု | မြို့မဆရာကြီးဦးဘလွင်(သို့မဟုတ်)အမျိုးသားပညာရေးနိဒါန်းအစ | မြို့မ-မြင့်ကြွယ် | ပထမဆု |
| ၁၇ | စာပဒေသာဆု | လူမှုစီးပွား၊ စက်မှုနှင့်ပတ်ဝန်းကျင် | ရွှေနဂါးတင်ဝင်း | ဒုတိယဆု |
| ၁၈ | စာပဒေသာဆု | မြင်စိုင်းအလွန် | မောင်ချစ်ထွေး(မဟာဝိဇ္ဇာ) | တတိယဆု |
| ၁၉ | မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ | မေယုတောင်စွယ်ကြားမှသွေးချင်းမောင်မယ်များ | သျှင်ထွေးယဉ်(မနုဿ) | ပထမဆု |
| ၂၀ | ״ | ကမ္ဘာ့ဂီတသင်္ကေတသမိုင်း | သက်နွယ်(ယဉ်ကျေးမှုတက္ကသိုလ်) | ဒုတိယဆု |
| ၂၁ | ״ | ရုပ်ရှင်သမိုင်းနှင့်မြန်မာ့ရုပ်ရှင်မှတ်တမ်း | အေးအေးစိုး(ဖျာပုံ) | တတိယဆု |
| ၂၂ | ကလေးစာပေ | ကလေးများအတွက်ပတ်ဝန်းကျင်မှလျှပ်စစ်သုတ | သိပ္ပံစိုးမြင့်နိုင် | ပထမဆု |
| ၂၃ | ကလေးစာပေ | ရတနာဆည်းလည်းမြမျက်ရွဲကဗျာများ | မောင်သက်နှင်း(မ/ဥ) | ဒုတိယဆု |
| ၂၄ | ကလေးစာပေ | ကဗျာလည်းသင် ပညာသင် | ပန်းတနော်နောင်လတ် | တတိယဆု |
| ၂၅ | လူငယ်စာပေ | မြေကိုလျှိုး၍မိုးကိုပျံမည် | ပုသိမ်အောင်သန်းဦး | ဒုတိယဆု |

**လူငယ်စာပေဆု** ဒုတိယဆုကို ပုသိမ်အောင်သန်းဦး၏**"မြေကိုလျှိုး၍ မိုးကိုပျံမည်"**က ရရှိသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၂မျိုးသတ်မှတ်ထားသည့်အနက် ပြဇာတ်စာပေ၊ နိုင်ငံရေးစာပေနှင့်ဘာသာပြန်စာမူဆုတို့အတွက် အဆင့်မီသော စာမူများမရရှိသဖြင့် ဆုရွေးချယ်နိုင်ခြင်းမရှိကြောင်းသိရသည်။

## ဆုချီးမြှင့်ပွဲ

ဆုရရှိကြသော စာရေးဆရာများသည် ရန်ကုန်မြို့၊ အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း စာပေဗိမာန်တယ်လီဖုန်းအမှတ် ၂၅၂၅၆၀၊ ၂၄၀၀၄၈နှင့် ၃၈၀၄၄၉တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၂ရက်(စာဆိုတော်နေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆုရသူများသည် နိုဝင်ဘာ ၂၅ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ်ထံ သတင်းပို့ကြရန်ဖြစ်ကြောင်း သိရသည်။

## ပြန်လည်ထုတ်ယူနိုင်

စာမူပြိုင်ပွဲတွင် ဆုရွေးချယ်ခြင်းမခံရသော စာမူများကို ဆုစာရင်းထုတ်ပြန် ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၀၄ခုနှစ်အတွက် စာပေဗိမာန် စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲပုံစံနှင့် စည်းကမ်းချက်များ နယ်မှ မှာယူလိုသူများသည် တံဆိပ်ခေါင်းကျပ် ၄၀ဖိုးပေး၍ မှာယူနိုင်ပြီး စည်းကမ်းချက်တွင်ပါရှိသည့် ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်သည်။

## ဆက်သွယ်ဆောင်ရွက်

(၁၅)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများကို သတင်းစာများတွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ သက်ဆိုင်ရာနှင့် ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းသတင်းရရှိသည်။
**(သတင်းစဉ်)**

# ၁၉၈၈ခုနှစ်နောက်ပိုင်းဖွင့်လှစ်ခဲ့သည့် ပေ၁၈၀၀နှင့်အထက်တံတားများအနက် ပုသိမ်တံတားသည် တံတားတည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့်အတွက် ပုသိမ်၊သာပေါင်းနှင့်ငပုတောမြို့နယ်တို့ရှိ ကျေးရွာ

■ ရွှေဖုံးမှ

## တက်ရောက်

ပုသိမ်တံတားဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ပနိုင်ငံအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာသံအမတ်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာန ဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ တံတားအထူး အဖွဲ့(၈)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ကရင်ဒုံးယိမ်းအဖွဲ့၊ ပုသိမ်ထီး အကအဖွဲ့၊ အေရိုးဗစ်၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်နှင့် စည်တော်အဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၆၂၀၀ ကျော် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် ပုသိမ်တံတားသည် ပုသိမ်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသော ငဝန်မြစ်ကိုဖြတ်ကျော်ပြီး ပုသိမ်–ရွှေမြင်တင်–ဝါးယားခက်ခဲသည့် ငဝန်မြစ် အနောက်ဘက်ကမ်းဒေသများဖြစ်သည့် သာပေါင်း၊ မော်တင်စွန်း၊ ချောင်းသာ၊ ငွေဆောင်တို့ကို ယခုအခါတွင် လွယ်လင့်တကူ အချိန်တိုအတွင်း သွားရောက်နိုင်တော့မည်ဖြစ်၍ ငဝန်မြစ်အနောက်ဘက်ကမ်း ဒေသများသည် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ပင်လယ်ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် သစ်တောထွက် သယံဇာတများသည် ဤတံတားကြီးကိုဖြတ်ပြီး မြန်မာနိုင်ငံအရပ်ရပ်ကို အချိန်တိုတိုဖြင့် လွယ်လွယ်ကူကူ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်၍ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုတို့သည် သွက်လက်မြန်ဆန် ဖွံ့ဖြိုးလာတော့မည်မှာ သေချာလျက်ရှိကြောင်း၊ ချောင်းသာ၊ ငွေဆောင်စသည့် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများကိုလည်း ပြည်တွင်းပြည်ပခရီးသည်များသည် လွယ်လင့်တကူ မြန်မြန်ဆန်ဆန် သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားအောင်၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းအောင် ဖွံ့ဖြိုးရေးအစီအမံများ စနစ်တကျ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

## တည်ဆောက်ပေးခဲ့

ထို့ကြောင့်လည်း မိမိတို့အစိုးရလက်ထက်တွင် မဖွံ့ဖြိုးသေးသည့် ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးလာစေရန်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေး၊ လူမှုရေး ကွာဟချက်များ လျော့နည်းကျဆင်းလာရန် ယခုကဲ့သို့ အထောက်အကူပြု လမ်း၊ တံတားများကို နိုင်ငံနှင့်အဝန်း ယှက်သွယ်ဖောက်လုပ် တည်ဆောက်

## လက်တွေ့ကျကျဖော်ထုတ်

ယခုကဲ့သို့ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး လမ်းပန်းဆက်သွယ်မှု အဆောက်အအုံများကို ကိုယ့်အင်ကိုယ့်အားဖြင့် တစ်ခုပြီးတစ်ခု တည်ဆောက်နိုင်အောင်လည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတောင့်တင်းနေရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ အခြေခံကျသည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးအောင်မြင်အောင် ကြိုးပမ်းနေသကဲ့သို့ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ တိုးတက်လာအောင်လည်း အားထည့်လုပ်ကိုင်နေရကြောင်း၊ ငွေကြေးအရင်းအနှီးရှိသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များကို စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်း များတွင် ပါဝင်လာအောင် အားပေးပျိုးထောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ဧရာဝတီတိုင်းတွင် ရေကြီးကွင်း၊ ရေလျှံ ကွင်း၊ ရေနက်ကွင်းဒေသများကို လက်တွေ့ကျကျ ဖော်ထုတ်အသုံးချနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ မကြာခင်က လာရောက်ခဲ့သည့် ဧရာဝတီတိုင်း ခရီးစဉ်အတွင်းတွင် "မိမိနိုင်ငံ နှစ်စဉ်လူဦးရေ တိုးတက်လျက်ရှိရာ နောင်တိုးပွားလာမည့် နိုင်ငံသူ၊ နိုင်ငံသားများ စားရေးအတွက် ပူပန်ကြောင့်ကြမှုမရှိ ဖူဖူလုံလုံ စားသုံးနိုင်စေရန် ယခုကတည်းကပင် စိုက်ဧရိယာများ တိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးစေခြင်းစသည်ဖြင့် ဆောင်ရွက်သင့်သည်များကို စနစ်တကျ ကြိုးစားစီမံဆောင်ရွက်ကြရန်"လမ်းညွှန် မှာကြားမှုပြုခဲ့ကြောင်း။

## ဦးတည်လုပ်ကိုင်

နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ထားသည့်အတိုင်း အစဉ်အလာ လုပ်ကိုင်နေကြသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများသာမက အခြားဖြစ်ထွန်း



ချောင်းလမ်းပေါ်ရှိ ငဝန်မြစ်အရှေ့ဘက်ကမ်း၊ မရမ်းချောင်းရွာနှင့် အနောက်ဘက်ကမ်း ကမ်းနီရွာတို့ကို ပေါင်းကူးဆက်သွယ် တည်ဆောက်ထားသည့် ကြိုးတံတား အမျိုးအစား တံတားကြီးပင်ဖြစ်ကြောင်း၊ ဤကြိုးတံတားကြီးသည် ယခုမြင်တွေ့နေရသည့်အတိုင်း အလွန်လှပသော ဒီဇိုင်းဖြင့် မြန်မာအင်ဂျင်နီယာများက တစ်နှစ်ကျော်ကျော် အချိန်ယူပြီး ကြိုးပမ်းတည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အမြင်အားဖြင့် ခံ့ညားလှပသကဲ့သို့ တံတား၏ခံနိုင်ဝန်သည်လည်း ၇၅ တန် အထိခံနိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ငဝန်မြစ်၏ သဘာဝ အတားအဆီးကြောင့် ရှေးယခင်က အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း ဖြတ်သန်းသွားလာကြရာတွင် ဇက်ရေယာဉ်၊ မော်တော်၊ လှေငယ်များကိုသာ အားထားပြီး သွားလာခဲ့ကြရကြောင်း၊ ကုန်ရောင်းကုန်ဝယ်များ၊ ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများအပါအဝင် ဒေသတွင်း၌ရှိသည့် ပြည်သူများသည် ငဝန်မြစ်ကို အချိန်ကုန်ခံဖြတ်သန်းပြီး ကူးလူးသွားလာကြရသည့်ဘဝကို ယခုအခါ ဖြတ်သန်းလွန်မြောက်သွားပြီ ဖြစ်ကြောင်း။

## ဖွံ့ဖြိုးလာမည်မှာသေချာ

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုများနှင့် အညီ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် မရှိမဖြစ် လိုအပ်သော ဤတံတားကြီးကို မွန်မြတ်သည့် စေတနာဖြင့် တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤပုသိမ်တံတားကြီးနှင့်အတူ တစ်ဆက်တည်းပင် ပုသိမ်–သာပေါင်းလမ်း၊ ပုသိမ်–ချောင်းသာလမ်းနှင့် ပုသိမ်–ငွေဆောင်လမ်း တို့ကိုလည်း အမာခံကျောက်ချောလမ်းနှင့် ကွန်ကရစ်လမ်းများအဖြစ် အပိုင်းလိုက် အဆင့်မြှင့်တင် ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်က သွားလာရေးပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်ပြီး လိုအပ်သည့်နေရာများတွင် တည်ဆောက် သွားဦးမည့် လုပ်ငန်းစီမံကိန်းများ များစွာရှိနေပါသေးကြောင်း။

ဧရာဝတီတိုင်းအတွင်းမှာပင် ယခု ပုသိမ်တံတားကြီး အပါအဝင် ငဝန်မြစ်ကူး ငသိုင်းချောင်းတံတား၊ မြောင်းမြတံတား၊ လပွတ္တာတံတား၊ မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ ဂုံညင်းတန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ ဒေးဒရဲတံတား၊ ဒါးကတံတား စသည်ဖြင့် စီမံကိန်းဝင် တံတားကြီးပေါင်း အစင်း ၄၀ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်း အတွင်း မြောက်မှတောင်သို့ ရှည်လျားစွာ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငဝန်မြစ်တစ်ခုတည်းကိုပင် မိမိတို့အစိုးရလက်ထက်တွင် ငါးသိုင်းချောင်း တံတားနှင့် ယခု ပုသိမ်တံတားတို့ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တံတားကြီးများနှင့်အတူ လမ်းများဖောက်လုပ်မှုလုပ်ငန်းတွင်လည်း ယခင်က စုစုပေါင်း မိုင် ၄၆၀ ကျော် ခန့်သာရှိခဲ့ရာမှ ယခုအခါ မိုင်ပေါင်း ၁၃၀၀ နီးပါးခန့်အထိ တိုးချဲ့ဖောက်လုပ်နိုင်ပြီး ကုန်းလမ်းကြောင်းသစ်များသည် ကွန်ရက်ပမာ ပေါ်ထွက်လာခဲ့သည့်အတွက် ဧရာဝတီတိုင်းသည် အစဉ်အလာ ရေလမ်းခရီးသာမက မော်တော်ကားလမ်းများနှင့်ပါ ခရီးပေါက်သွားသည့် တိုင်းနယ်မြေကြီးဖြစ်နေပြီဖြစ်ကြောင်း၊ ဤသည်မှာ ဧရာဝတီတိုင်း၏ ထူးခြားစွာ ပြောင်းလဲတိုးတက်လာသည့် ခေတ်သစ်ပင်ဖြစ်သည်ဟု ဖွင့်ဆိုရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်နှင့် ဧရာဝတီ တိုင်းသားတို့၏ အောင်ပွဲလည်း ဖြစ်ကြောင်း။

တည်ဆောက်နေဆဲ ဖျာပုံတံတားနှင့် မြင်းကဆိပ်တံတားတို့ ပြီးသွားမည်ဆိုလျှင် ဧရာဝတီတိုင်း၏ မြို့နယ် အားလုံးနီးပါးကို မော်တော်ကားဖြင့် နာရီပိုင်းအတွင်း သွားလာနိုင်ပြီဖြစ်ကြောင်း။

အောင်မြင်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို ရှာကြံပြီး ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးတည်လုပ်ကိုင်ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်း မှာကြားလိုကြောင်း။

ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေများ၌ တစ်နှစ်ထက်တစ်နှစ် အပန်းဖြေလာရောက်ကြသူများ ပိုမိုများပြား စည်ကားလျက်ရှိနေပြီး ဤဒေသများတွင် နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများကိုလည်း တည်ဆောက်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းအတွက် ဝင်ငွေများလည်း ပိုမို တိုးတက်ရရှိနေသကဲ့သို့ ဒေသထွက်ပစ္စည်းများကိုလည်း ရောင်းပန်းလှအောင် တီထွင်ကြံဆပြုပြင်သွားမည်ဆိုလျှင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ယခု ပုသိမ်တံတားကြီးဖွင့်လှစ်နိုင်ခြင်းကြောင့် ချောင်းသာနှင့် ငွေဆောင်သို့ မော်တော်ယာဉ်များဖြင့် ခရီးတစ်ဖြောင့်တည်း လွယ်လင့်တကူ သွားလာနိုင်ပြီဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

## အားထုတ်ဆောင်ရွက်

ဤသို့ နိုင်ငံတော်က ကြိုးပမ်းဖန်တီးပေးထားသည့် စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့် ဧရာဝတီတိုင်းသည် ဘက်စုံကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် အားထုတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ တစ်ချိန်တည်းမှာပင် ဧရာဝတီတိုင်းသားများသည် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များဖြင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ကြရမည်

# သိမ်တံတားသည် ၁၇၆စင်းမြောက်ဖြစ်ပြီး ဧရာဝတီတိုင်းအတွင်း အစင်း၄၀မြောက်တံတားဖြစ်

# ယ်တို့ရှိ ကျေးရွာ၄ဂဂရွာမှ ပြည်သူသုံးသိန်းကျော်တို့၏လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်



**အမှာစကားပြောကြား**

လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း ပုသိမ် တံတား ဖွင့်ပွဲအခမ်းအနား တွင် အမှာစကား ပြောကြား စဉ်။

(သတင်းစဉ်)



ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုးများနှင့် ဆီလျော်ကိုက်ညီသော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားရမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ် (၇)ရပ်တွင် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံ၏ လုပ်ငန်းများပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအပါအဝင် မူဝါဒလုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

ဤတံတားကြီးကို အသုံးပြုပြီး မိမိနေရာ၊ မိမိဒေသ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင်၊ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းကြောင်းဖြင့် ပြောကြားသည်။

## အဓိကအကျဆုံးဖြစ်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နယ်မြေဒေသတစ်ခုဖွံ့ဖြိုးတိုးတက်လာရန်သည် အခြေခံအားဖြင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန် အဓိကအကျဆုံးဖြစ်ကြောင်း။

ထို့ကြောင့် ယခု ပုသိမ်တံတားတည်ဆောက်ရန်အတွက် အသေးစိတ်ကွင်းဆင်းတိုင်းတာမှုများကို ၂၀၀၃ ခုနှစ်တွင်ပြုလုပ်ပြီး ၃၀-၇-၂၀၀၃ နေ့တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် အချိန်အထိ တည်ဆောက်ရေးကာလသည် တစ်နှစ်နှင့်လေးလသာကြာမြင့်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀ နှင့်အထက်တံတားများအနက် ၁၇၆ စင်းမြောက်ဖြစ်ပြီး ဧရာဝတီတိုင်းအတွင်း၌ အစင်း ၄၀ မြောက်တံတားဖြစ်ကြောင်း။

## တိုးတက်လာမည်ဖြစ်

ဤတံတားတည်ဆောက်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့မှ ရပ်ကွက် ၂၅ ရပ်ကွက်၊ ကျေးရွာ ၁၂၃ ရွာတို့၌ နေထိုင်ကြသည့် ပြည်သူလူထု ငါးသိန်းကျော်အတွက် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးများ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာမည်ဖြစ်ကြောင်း။

ထို့ပြင် တံတားကြီးကိုအသုံးပြုပြီး မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသားပြည်သူများသည် ဧရာဝတီတိုင်း၏ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများဖြစ်သည့် ချောင်းသာနှင့် ငွေဆောင်ဒေသများကို လာရောက်ပြီး ပင်လယ်ကမ်းခြေအလှအပများကိုရှုစားရင်း အပန်းဖြေနိုင်ကြမည်ဖြစ်သကဲ့သို့ မော်တင်စွန်းဘုရားဖူးရန်လည်း အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း၊ ရန်ကုန်မှ ချောင်းသာနှင့် ငွေဆောင်တို့ကိုသွားမည်ဆိုလျှင် ယခင်က ဇက်ရေယာဉ်ဖြင့်ကူးရ၍ တစ်ရက်နီးပါး အချိန်ကုန်သော်လည်း ယခုဆိုလျှင် ငါးနာရီအတွင်း ရောက်ရှိနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် တံတားကြီးရေရှည် တည်တံ့အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများ၊ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရေး ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် မြစ်ဝကျွန်းပေါ် ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်း အင်းအိုင်ပေါများသည့်အတွက် ယခင်က တစ်နေရာမှတစ်နေရာကို သွားလာရာတွင် ရေလမ်းခရီးဖြင့် လှေသင်္ဘောတို့ကိုသာ အားထားသွားလာနေရ၍ အချိန်ကြာမြင့်ခဲ့ရကြောင်း၊ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြစ်ချောင်းအင်းအိုင်ပေါများသည့် ဧရာဝတီတိုင်းကို မော်တော်ကားလမ်းများဖောက်၊ မြစ်ကူးတံတားကြီးများကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် အချိန်တိုတိုအတွင်းတွင် ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း။

## လက်ငင်းအကျိုးခံစားနေရ

ဤပုသိမ်တံတားကြီး ဖွင့်လှစ်နိုင်ခဲ့သဖြင့် ငဝန်မြစ်အနောက်ဘက်ကမ်းရှိ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်တို့ရှိ ကျေးရွာအုပ်စုပေါင်း ၉၃ အုပ်စု၊ ရွာပေါင်း ၄၈၈ ရွာတွင်နေထိုင်ကြသည့် ပြည်သူသုံးသိန်းကျော်၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ ငဝန်မြစ်အနောက်ဘက်ကမ်း၌နေထိုင်ပြီး ပုသိမ်မြို့ပေါ်သို့ နေ့စဉ်သွားလာနေကြသည့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ နေ့စဉ်ရောင်းဝယ်ဖောက်ကားသွားလာနေကြသော ပြည်သူများ လက်ငင်းအကျိုး ခံစားနေရပြီဖြစ်ကြောင်း၊ ဒေသထွက် ရေထွက်ပစ္စည်း၊ ဆန်စပါး၊ အုန်းသီးဆန်ခြောက်နှင့် သစ်တောထွက်ပစ္စည်းများကို ဈေးကွက်သို့ လွယ်လွယ်ကူကူ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေကိုလည်း လွယ်ကူစွာသွားရောက်အပန်းဖြေနိုင်မည်ဖြစ်သည့်အတွက် ပုသိမ်တံတားသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသွားမည့် တံတားကြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ၂၀၀၃ ခုနှစ် ဇွန်လအတွင်း ဧရာဝတီတိုင်းကို ရောက်ရှိစဉ် တာဝန်ရှိသူများအားမှာကြားရာ၌ ဧရာဝတီတိုင်းအတွင်း၌ စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ကြဉ်းပေးနိုင်သည့် အခြေခံအလားအလာကောင်းများရှိပြီးဖြစ်သည့်အတွက် ယင်းကဏ္ဍများ တစ်ဆင့်မြင့်မားတိုးတက်အောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၌ရှိသည့် စပါးစိုက်ဧရိယာ၏ လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးနေသည့်အပြင် မြေဆီမြေလွှာကောင်းသည့်အတွက် ဧရိယာတိုင်း၏ စပါးတစ်ဧကအထွက်နှုန်းကို သိသိသာသာ တိုးတက်အောင် ကြိုးစားလိုက်မည်ဆိုလျှင် နိုင်ငံတော်က ရည်မှန်းချက်ပေးထားသည့် စပါးတင်း သန်း ၁၂၀၀ ထွက်ရှိရေးကို ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ငါးပုစွန်မွေးမြူရေးလုပ်ငန်းကို အားပေးမြှင့်တင် ဆောင်ရွက်ပြီး ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်အောင် စီမံကြရမည်ဖြစ်ကြောင်းကို မှာကြားခဲ့ပါကြောင်း၊ ယင်းမှာကြားချက်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

## တင်စားခေါ်ဝေါ်

၂၀၀၃-၂၀၀၄ နှစ်တွင် တစ်နိုင်ငံလုံး မိုးစပါး၊ နွေစပါး စုစုပေါင်း ၁၆ ဒသမ ၁၆ သန်း စိုက်ပျိုးသည့်အနက် ဧရာဝတီတိုင်းမှာ ၄ ဒသမ ၇၂ သန်း စိုက်ပျိုးခဲ့သဖြင့် တစ်နိုင်ငံလုံးစိုက်ဧက၏ ၂၉ ရာခိုင်နှုန်းရှိကြောင်း၊ ယခုနှစ် ၂၀၀၄-၂၀၀၅ တွင်လည်း မိုးစပါး စုစုပေါင်း ဧက ၃၅ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးဧက ၁၇ သိန်း စိုက်ပျိုးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဧရာဝတီတိုင်းသည် ရှေးယခင်ကာလက **“နိုင်ငံတော်၏စပါးကျီ”**၊ **“နိုင်ငံတော်၏ ထမင်းအိုးကြီး”**ဟု တင်စားခေါ်ဝေါ်ခဲ့ရာမှ ယခုအခါ စပါးကျီသာမက မွေးမြူရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းလာသည့်အတွက် **“ဟင်းအိုးကြီး”** ဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပုစွန်မွေးမြူရေးတွင် မွေးရေပြင် ဧက ၄၀၁၅၇ ဖော်ထုတ်မွေးမြူဆောင်ရွက်ပြီး၊ ငါးမွေးမြူရေးတွင် မွေးကန်ဧက ၈၄၇၉၆၊ အင်းငါးမွေးမြူရေးတွင် ဧက ၃၁၃၉၉ ဒသမ ၂၂ စုစုပေါင်းဧက ၁၅၆၃၅၂ ဒသမ ၂၂ မွေးမြူနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်၍ စေတနာထားဆောင်ရွက်ပေးသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်အစိုးရကို ဧရာဝတီတိုင်းသားများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဧရာဝတီတိုင်းသားများအနေဖြင့်လည်း နိုင်ငံတော်၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်မှပေးအပ်ထားသော ရည်မှန်းချက်တာဝန်များ ရာနှုန်းပြည့်အောင်မြင်အောင် **“ရိုးသား ကြိုးစား ဧရာဝတီသား”**ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းကတိပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက်မှ ဦးစိုးဝင်းက တံတားကြီးတည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရပ်နားလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

*စာမျက်နှာ ၁၁ သို့*

# မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

တန်ဆောင်မုန်း၏ ရာသီဥတုသည် မပူလွန်းဘဲ အေးမြမြနှင့် နေ၍ထိုင်၍ကောင်းသော ရာသီဥတုဖြစ်သည်။ ဤ**တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲ မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်းအလှူတော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်၊ သာမညဖလ အခါတော်နေ့နှင့် နက္ခတ်သဘင်ပွဲတော် စသည်များဖြင့် စည်ကားသောလ ဖြစ်သည်။**

တန်ဆောင်မုန်းလကို မြန်မာမှုအရ ဗြိစ္ဆာရာသီခေါ်သည်။ စန်းပြည်နက္ခတ်မှာ ကြတ္တိကာနက္ခတ်ဖြစ်ပြီး ယှဉ်သောတာရာမှာ ကျီးတာရာ ဖြစ်သည်။ ရာသီရုပ်မှာ ကင်းမလက်မည်းဖြစ်၏။ ရာသီပန်းကား ခဝဲပန်းဖြစ်ပြီး၊ ရာသီပွဲတော်ကား ကထိန်ပွဲတော်နှင့် တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖြစ်သည်။ ကထိန်သည် ကထိနဟူသော ပါဠိကို မြန်မာမှုပြုကာ မြန်မာ့ဝေါဟာရအဖြစ် အသုံးပြုနေခြင်း ဖြစ်သည်။ ကထိန်အလှူသည် ရှေးအခါကပင် ရှိခဲ့ဖူးသည်။ ပဒုမဘုရား၊ ပဒုမုတ္တရ ဘုရားရှင်တို့ လက်ထက်တွင် ကထိန်အလှူရှိခဲ့ဖူးသည်။ ဂေါတမဘုရားလက်ထက်တွင်ကား ဘဒ္ဒဝဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ကထိန်ခင်းခြင်း ပေါ်ပေါက်ခဲ့သည်။

တန်ဆောင်မုန်းလ၏ ပထမ လဝက်သည် မိုးရာသီတွင် ကျရောက်၍ ဒုတိယလဝက်မှာ ဆောင်းရာသီတွင် ကျရောက်လေသည်။ ထို့ကြောင့် မိုးနှောင်း ဆောင်းဦးကာလ သာယာကြည်နူးဖွယ်ရာ ရာသီဖြစ်လေသည်။ ဤလတွင် **"ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း"** ဆိုသည့် စာဆိုနှင့်အညီ စပါးနှံများတွင် အနှစ်အခဲ ဝတ်ဆံလေးများ သန္ဓေတည်နေကြပြီဖြစ်သောကြောင့် လယ်သမားကြီးများ ကြည်နူးဝမ်းသာမဆုံးရှိလေသည်။ တန်ဆောင်မုန်းလ၏ ထူးခြားချက်မှာ ကောင်းကင်တွင် တိမ်ကြက်တစ်ဝပ်စာမျှမရှိဘဲ ကြည်လင်နေခြင်း၊ ဆောင်းမပီသေး၍ နှင်းဝေမနေခြင်း၊ နွေမဟုတ်သေး၍ မြူမှုန်မထ၊ မင်းလွင်မသန်းခြင်းတို့ကြောင့် တန်ဆောင်မုန်းလ၏ ကောင်းကင် ကြည်လင်နေပုံကို စာဆိုတော် ရှင်မဟာသီလဝံသက **"သန်ကျူးစဲက၊ ခဝဲပွင့်ဝါ၊ သို့သောခါတုံ၊ အာကာမထိုင်း၊ မြူမှိုင်းမလည် အလွန်ကြည်လျက်"**ဟု စပ်ဆိုရေးသားခဲ့သည်။

> **တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲ မီးထွန်းပွဲတော်၊ ကထိန်သင်္ကန်း အလှူတော်ပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲတော်၊ သာမညဖလ အခါတော်နေ့နှင့် နက္ခတ်သဘင် ပွဲတော် စသည်များဖြင့် စည်ကားသောလဖြစ် သည်။**

စာဆိုတော်ဦးကြော့ကလည်း **"သာထက်သာ သာတဲ့လပေမို့ သရဒရာသီ၊ အပကရဇတစီသည် ပတ္တမြားမှိုအတွင်း၊ ရန်ငါးပါး ကုန်ဝေစင်သည်၊ ယုန်ရေးပြင် ထွန်းပပလင်း၊ ရွှေကြတ္တိကာမော်ငယ်၊ တာရာတော်ရံကျင်း၊ ကမ္ဘလာ ပျော်စံခင်းသို့၊ လျှံဝင်းပျို့တရထည်၊ ရွှေကထိန်ခဝဲ နုငယ်နှင့် ပွဲတော်ပြုစည်ထက်စည်သည်"**ဟူ၍ စပ်ဆိုခဲ့သည်။ စာဆိုတော် ရှင်ထွေးညိုက ပြည်စုန်မော်ကွန်းတွင် **"ရွှေခဝဲပွင့် ကျင်းမြဲသား၊ နှင်းဖွဲ ဖျန်းနီးသန်ပြီးကြွမူ၊ ဆောင်းသို့လု၍ ရတုသာတုန်း တန်ဆောင်မုန်း"** ဟု ဖွဲ့ဆိုခဲ့သည်။

အမည်မသိ ရှေးစာဆိုတစ်ဦးက **"လဗြိစ္ဆာတန်ဆောင်ပွဲနှင့်၊ ဖက်တွဲလို့ ရွှေကထိန်၊ လှူချိန်မို့လေး၊ အဖန်ဖန်မြမောင်နှံ၊ နှစ်ကိုယ်တလို့၊ လွမ်းရှာရသေး"** ဟူ၍လည်းကောင်း၊ မုံရွေးဆရာတော်က ကောင်းကင်၌ မိုးသားတိမ်တိုက်များ ကင်းစင်ပုံကို နာရဒပျို့တွင် **"တိမ်ညို တိမ်ပြာ၊ တိမ်ဝါတိမ်နီ၊ ပီပီမလျှမ်း၊ တိမ်နှမ်းတိမ်ပုပ်၊ မချုပ်မမှိုင်းကြယ်ရှိတိုင်းလည်း ပန်းဆိုင်းပွင့်ညီ၊ ကုံးကာသီသို့၊ ကြယ်နီကြယ်ဝါ၊ ကြယ်ပြာ ကြယ်ညို၊ စိုစိုစိမ်းစိမ်း၊ ရှိန်းရှိန်းရွှန်းရွှန်း"** စသည်ဖြင့် အဆန်းတကြယ်ဖွဲ့ဆိုခဲ့သည်။ တစ်ဖန် မဟာအတုလမင်းကြီးက

## ရွှေဘို သီရိမာလာ

**"မြောက်လေငယ်သွင်းပါလို့ မြူနှင်းရယ်စိုစို၊ မြင်တိုင်းငယ်ပျိုသည် ရွှေကျီးညိုတာရာ၊ ကြတ္တိကာထွန်းတဲ့ လကိုလေး"**ဟူ၍ စပ်ဆိုခဲ့သည်။

တန်ဆောင်မုန်းလသည် ညအခါ၌ မိုးကောင်းကင်တွင် နက္ခတ်တာရာများ စုံသောလ၊ နက္ခတ်သဘင်ကြည့်သောလဟု ဆိုကြပြန်သည်။ ဤတာရာနက္ခတ်တို့ကို တန်ဆောင်မုန်းလ သန်းခေါင်ကျော်အချိန်တွင် ကြည့်နိုင်မြင်နိုင်သည်။ စာဆိုတော်ဦးတိုး၏ ရာမရကန်တွင် **"မိဂသီတောင်မှာ မောင်ရှင်ဆိုင်းထမ်း၊ ရေမှုတ်ကမ်းတို့၊ အဆန်းကိုနယ်ဖြန့် မြင်တိုင်းလန့်ရသည်၊ ပြုဗ္ဗာသန့်အသွင်သို့"** စသည်ဖြင့် မောင်ရှင်ဆိုင်းထမ်း ရေမှုတ်ကမ်းကြယ်များကို ဖွဲ့ထားသည်။ မြဝတီမင်းကြီးဦးစ၏ အီနောင်နန်းတွင်းဇာတ်တော်ကြီး၌ ဇာတ်ဆောင်ပန်းရည် ပြောသောစကားတွင် **"ဖိတ်ဖိတ်ရောင်ဝေ၊ အာကာဗွေဝယ်၊ ရွှေရေမှုတ်ကမ်း၊ ကြယ်ဆိုင်းတန်းနှင့်၊ သွားလမ်းစပ်ကာ၊ ရွှေဟသာလည်း ရောက်လာ ရွှေ့ယွန်း၊ သည်မှာပင် ထွန်းသေးငဲ့"** စသည်ဖြင့် ထည့်သွင်းပြောဆိုခဲ့သည်။

စာရေးတော်ကြီး ဦးမောင်ကလေးကမူ သူ၏ တန်ဆောင်မုန်းဖွဲ့ ရှစ်ဆယ်ပေါ်တေးထပ်၌ **"ပြည်ညှင်းသုန်သုန် နှင်းမှုန်ရှုနှင့်၊ ခြိုတသသတုန်စခါ စုံသမျှလုံကြရာသည်။ သရဒဗြိစ္ဆာပေမာန်ဦး၊ ယုန်ရဟတ်နှင့် ဘုံကြတ္တိငယ်၊ ကျီးရွှေအာနီ၊ တည့်မွန်းစံချက်ထူး၊ ခဝဲတသန့်ပြည်ပန်းရွှေမှု၊ တည်တန့်အသရေပွင့်ဝေမြူး၊ တစ်ဆယ့်ငါးထွေ ဆွေနတ်မှူးကို အမြတ်အထူးပူဇော်ခွင်သွန်းတော့၊ မလိုညိုလှာ ဆင့်သည်၊ စိုးပါတမင့်ဆိုမိလောက်အောင်ပင်"**စသည်ဖြင့် ခဝဲပန်းအပြင် ပြည်ပန်းညိုကိုပါ ထည့်သွင်းဖွဲ့ဆိုထားသည်။

တန်ဆောင်မုန်းကို ပုဂံခေတ် ကျောက်စာတို့၌ **"တန်ဆောင်မှုန်း"**ဟု ရေးထိုးခဲ့ကြသလို အင်းဝခေတ်သို့ ရောက်သောအခါ ယနေ့ရေးနည်းအတိုင်း ရေးသားကြပြန်သည်။ ထို့အပြင် တန်ကို **"တန်း"**ဟု သုံးစွဲသော **"တန်းဆောင်မုန်း"**သို့ ပြောင်းလာသည်ကို စာဆိုတော်နဝဒေး၏ ရတုများတွင် **"တန်းဆောင်မုန်းလျှင်၊ ထွန်းပြောင်ဖုန်းအင်၊ ဝန်းပြောင်နှုန်းပင်"** ဟူသော အသုံးကိုတွေ့ရသည်။ မင်းလက်ဝဲသုန္ဒရသည်လည်း **"တန်းဆောင်လကို၊ ဆန်းရောင်ပြလို၊ သန်းမှောင် မြညို"**ဟူသည့် အချိုးပုဒ်များတွင်**"တန်း"**ဟုသာ သုံးစွဲခဲ့သည်။

တန်ဆောင်မုန်းလ ခဝဲပန်းများနှင့် ပတ်သက်၍ စာဆိုများ ညွှန်းဆိုရာတွင် တောင်ငူခေတ် စာဆိုရှင်ထွေးညိုက **"ကိုင်းပျရှိမ်းရှိမ်း၊ တောခပ်သိမ်းလည်း၊ ရွက်စိမ်းဟုံဟုံ၊ အထွက်စုံသော်၊ ရွှေငုံခဝဲ၊ ပွင့်ကြမြဲသား"** ဟူ၍လည်းကောင်း၊ ကုန်းဘောင်ခေတ်စာဆို ဖိုးသူတော်ဦးမင်းက တန်ဆောင် အလှဖွဲ့ဆိုရာတွင် **"လှူကထိန်သင်္ကန်းနှင့် မင်္ဂလမ်းတဲ့ဆုပန်ရွှယ်၊ သည်ချိန်ဆို ဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညာရင်းမှာ၊ သင်းရန့်ကြွယ်၊ ကောင်းကင်လယ်၊ ထက်ဝယ် ဘုံဦး၊ ရွှေလစန္ဒာနှင့်၊ ကြတ္တိကာကြယ်ပြောင်ရွှန်းပ၊ ထွန်းထိန်လို့မြူး"**ဟုလည်းကောင်း စပ်ဆိုခဲ့ကြသည်။

တန်ဆောင်မုန်းလ၏ ကောင်းကင်တွင် မြူတိမ်ကြက်တစ်ဝပ်စာမျှမရှိဘဲ ကင်းစင်ပြီး နက္ခတ်ပေါင်းစုံ ထွန်းလင်းတောက်ပနေကြသည်။ ထို့ကြောင့် ဤလကို နက္ခတ်သဘင်ကျင်းပသည့်လဟု ဆိုကြသည်။ ကောင်းကင်တွင် နက္ခတ်စုံနေသည့်အတွက် တန်ဆောင်မုန်းလပြည့်ညတွင် မဲဇလီဖူးကို ပြုတ်၍ သုပ်စားလျှင် ဆေးဖက်ဝင်သည်၊ အထွေထွေသော ရောဂါဘယများ ကင်းစင်သည်ဟု ယုံကြည်ကြသည်။

ကထိန်အလှူနှင့် ဆက်နွှယ်နေသော မသိုးသင်္ကန်းအလှူရှိသေးသည်။ မသိုးသင်္ကန်းရက်လုပ်ရာမှ မသိုးသင်္ကန်းရက်ပြိုင်ပွဲ ပေါ်ပေါက်ခဲ့သည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲသည် အထင်ရှားဆုံးနှင့် အစည်ကားဆုံး ဖြစ်သည်။ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့် ပွင့်တော်မူမည်ဖြစ်သော အရိမေတ္တေယျ ဘုရားငါးဆူကို ရည်မှန်း၍ ရက်ကန်းငါးစင်ဖြင့် ယှဉ်ပြိုင်ပြုလုပ်လေ့ရှိသည်။ မသိုးသင်္ကန်းမှာ ကထိန်ကပ်ရန်ပင် ဖြစ်သည်။ ရှေးထုံးစံအတိုင်းဆိုလျှင် သင်္ကန်းအဖြစ် လှူထားသော သင်္ကန်းသည် တစ်ညမကူးမီ သင်္ကန်းအဖြစ်ချုပ်ပြီး၊ ဆေးဆိုးပြီး ဖြစ်ရမည်။

**"တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့"** လည်း ဖြစ်သည်။ မြတ်စွာဘုရားက အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရားအား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့၌ သာမညဖလအခါတော်နေ့ အထိမ်းအမှတ် ကျင်းပခြင်း ဖြစ်သည်။ သာမညဖလဆိုသည်မှာ ရဟန်းပြုခြင်း၏အကျိုးဟု အဓိပ္ပာယ်ရသည်။

သို့ဖြစ်ရာ ရိုးရာယဉ်ကျေးမှုပွဲတော်များ စုံလင်လှသည့် တန်ဆောင်မုန်းလကို **"မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်"** ဟု မြန်မာတို့ ဆိုစမှတ်ပြုကြကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## သန်လျင် အထက(၃) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

သန်လျင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀နာရီတွင် အထက(၃) ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဦးနေဝင်း(မြကန်သာ ဥယျာဉ်အိမ်ရာ)ဖုန်း-၀၉၅-၀၁-၂၄၇၂၁၇၊ဦးမြင့်ဝင်း(တက်လူမော်စတိုး)သန်လျင် ဖုန်း-၀၅၆-၂၁၂၉၈၊ ဒေါ်မြမြမော်(စိန်ခြသေ့စတိုး) သန်လျင် ဖုန်း-၀၅၆-၂၁၆၉၂နှင့် (သစ္စာ ပန်းစတိုး) သန်လျင်မြို့မဈေးနောက် ဖုန်း-၀၅၆-၂၂၁၅၀လိုင်းခွဲ(၃၁၃)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကျောက်ကုန်း တောရမေဒိနီကျောင်း ဘုံကထိန်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်ကြီး၏ (၅၈)ကြိမ်မြောက် ဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၂၆ရက် (တန်ဆောင်မုန်းလပြည့်နေ့) တွင် ကျင်းပမည်ဖြစ်သည်။

### ပူဇော်ကန်တော့ပွဲကျင်းပမည်

ထိုနေ့တွင် စာအောင်သံဃာ ၂၆ပါး၊ စာချ နာယကဆရာတော် ရှစ်ပါး၊ ဝါတွင်း သီတင်းသုံးတော် မူကြသော သံဃာတော် ၁၈၅ပါး၊ ပင့်သံဃာတော်များနှင့် တကွ ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**မြစ်ကြီးနားအသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် စုပေါင်းမဟာဘုံကထိန်၊ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက်က ရွှေတိဂုံဘုရားတောင်ဘက် ကျောက်စိမ်းတွင်းဓမ္မာရုံတွင် ကျင်းပရာ မြစ်ကြီးနားအသင်းက ကျောက်စိမ်းတွင်းဓမ္မာရုံ ဩဝါဒါစရိယ မင်းကွန်းတောရကျောင်းတိုက် ဆရာတော်ကြီးဦးပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပင့်သံဃာတော်များအား ကထိန်သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (က-ပ)




**စိန်ရတနာ နာရေးကူညီမှုအသင်း အင်းစိန်မြို့သို့ ပိန္နဲကုန်း ရပ်ကွက်နေ ကွယ်လွန်သူ ဒေါ်လှညွန့်အား ရည်စူး၍ သားသမီးများက အလှူငွေကျပ်တစ်သောင်းနှင့် အင်းစိန်မြို့ ကမ်းနားအနောက်ရပ်ကွက် မြတ်သုခဆားစက်မှ ဦးထွန်းလှိုင်-ဒေါ်စန်းမြင့် ကိုယ်စား သားဖြစ်သူ ဦးဇော်မင်းက အလှူငွေကျပ် တစ်သိန်းတို့ကို နိုဝင်ဘာ ၁၃ရက်က လှူဒါန်းရာ အသင်းစာရင်းစစ် ဦးမြတ်ဆွေနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။** (က-ပ)

## သရက်မြို့အထက(၁)နှင့် အလက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

အငြိမ်းစားယူသွားကြသောအသက် ၆၀ အထက် ဆရာကြီးဆရာမကြီးများအား နှစ်စဉ် ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၅ရက် (တနင်္ဂနွေနေ့)တွင် သရက်မြို့ အလက(၁)နှင့် ဒီဇင်ဘာ ၆ ရက် (အမျိုးသားနေ့)တွင် အထက(၁)တို့တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသူကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသူကျောင်းသားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ကျင်းပရေးကော်မတီဝင် ဦးစိုးလှမြင့်(သရက်) ဖုန်း-၀၆၈-၂၁၀၅၈၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း၊ သရက်)ဖုန်း-၀၆၈-၂၁၃၇၁၊ ဦးတင်အောင်မြင့်(သရက်)ဖုန်း-၀၆၈-၂၁၀၅၅၊ ဦးတင်ဌေး(သရက်) ဖုန်း-၀၆၈-၂၁၁၅၅၊ ဦးသိန်းဇော် (ရန်ကုန်) ဖုန်း-၀၁-၇၂၀၈၈၀၊ ဦးမိုးခိုင် ဖုန်း-၀၁-၅၇၀၀၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**





***စာမျက်နှာ ၉ မှ***

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပုသိမ်တံတားဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ်ကျင်းပမည့် တံတားထိပ်မုခ်ဦးရှေ့တွင် နေရာယူကြပြီး မင်္ဂလာအချိန်ရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က ပုသိမ်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ပုသိမ်တံတားမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပုသိမ်တံတားကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့သည် ပုသိမ်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြပြီး အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့်အတူ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြ၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တံတားဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် ပုသိမ်တံတားမှာ အပေါ်ထည်သံပေါင်ကြိုးတံတား၊ သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ် သံကူကွန်ကရစ် လွန်တူးပိုင် တံတားအမျိုးအစားဖြစ်ပြီး အရှည်ပေ ၂၁၄၀ ရှိသည်။

**လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များ ဧရာဝတီတိုင်း ပုသိမ်တံတားဖွင့်ပွဲအပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။**

**(သတင်းစဉ်)**

**လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် တစ်ဖက်လျှင် လေးပေစီရှိ လူသွားလမ်းများပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၈၄၀ နှင့် အမြင့် ၃၃ ပေဖြစ်သည်။

ခွင့်ပြုယာဉ်တန်ချိန်မှာ မော်တော်ယာဉ်တစ်စီးချင်း ၇၅တန်ဖြစ်သည်။ ပုသိမ်တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၈)က တာဝန်ယူတည်ဆောက်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ချောင်းသာကမ်းခြေသို့သွားသည့်လမ်းအခြေအနေနှင့် ငွေဆောင်ကမ်းခြေသွားသည့် ကားလမ်း၌ ကွန်ကရစ်ခင်းပြီးစီးမှုအပိုင်းကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း၊ လေယာဉ်ကွင်း တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်( ကြည်း၊ ရေ၊ လေ )စက်ဘီးစီးပြိုင်

ရန်ကုန် နိုဝင်ဘာ ၂၂

**၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ)စက်ဘီးပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၉ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

ရှေးဦးစွာ ဗိုလ်လုပွဲအစီအစဉ်များကို ကျင်းပရာ မီတာ၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ အေးမင်းဦးက ပထမ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ မြင့်သူက ဒုတိယ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှမင်းဇော်က တတိယ၊ မီတာ၁၆၀၀ အုပ်စုတစ်ဦးချင်း (လူသစ်တန်းပြိုင်ပွဲတွင်) ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းမှ ဇေယျာဝင်းက ပထမ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းမှ မင်းဇော်က ဒုတိယ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ မျိုးမင်းသန့်က တတိယ၊ မီတာ ၄၀၀၀ အသင်းချင်း အမီလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ပထမ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ဒုတိယ၊ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) အသင်းက တတိယ အသီးသီးရရှိကြပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး စက်ဘီးအားကစားသမားဆုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှအေးမင်းဦးကလည်းကောင်း၊ လူသစ်တန်းအကောင်းဆုံး စက်ဘီးအားကစားသမားဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဇေယျာဝင်းကလည်းကောင်း ရရှိသွားကြသည်။

**ဆုများချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို နံနက် ၁၁နာရီတွင် ကျင်းပရာ ပွဲစဉ်အလိုက်ဆုရရှိသူများအား တပ်မတော်မှ အရာရှိကြီးများက ဆုများချီးမြှင့်ကြပြီး ၂၀၀၄ ခုနှစ် (၁၁) ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ)စက်ဘီးပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းက စုစုပေါင်းရမှတ် ၅၂မှတ်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုကြီးကိုဆွတ်ခူးရရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၃-၁၁-၂၀၀၄(အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓမ္မ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၁၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၂၀ | ၈။ | နဂါးရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇:၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ပထဝီဝင် အထူးပြု) (ရုက္ခဗေဒ) |
| ၁၇:၁၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၃၀ | ၇။ | ခံစားနားဆင်တေးဓာတ်ဝင် |
| ၁၇:၄၀ | ၈။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁၈:၁၀ | ၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုနှ်း"** (အပိုင်း- ၄၄) |
| ၁၈:၃၀ | ၁၀။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၁၂။ | မြန်မာစာ၊မြန်မာစကား |
| ၁၉:၂၀ | ၁၃။ | ကြေးမုံရိပ်သွင် တေးနုယဉ် |
| ၁၉:၃၅ | ၁၄။ | သားငါးဖွံ့ဖြိုး ပြည့်အကျိုး |
| | ၁၅။ | မုန်းချောင်းပေါ်က လက်ခုပ်သံများ |
| ၂၀:၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၁၅) |

# နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မင်းကွန်းတောင်ရိုး ဓမ္မစေတီကျောင်းတိုက် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရ(သာမဏေကျော် ဓမ္မာစရိယ ပါဠိပါရဂူ ဝိသိဋ္ဌဝိနယ အင်္ဂုတ္တရနိကာယဝိဒူ ဝိသိဋ္ဌဝိနယဓရ ဝိနယဓရ အဂ္ဂဓမ္မာစရိယ ဥဘတောဝိဘင်္ဂ ကောဝိဒ မလွန်ဓမ္မကထိက)သည် ဒီဇင်ဘာ ၁ရက်နှင့် ၂ရက်တွင် စလေ၊ ၃ရက်တွင် မန္တလေး၊ ၅ရက်တွင် မင်းကွန်း၊ ၆ရက်မှ၁၀ရက်အထိ ဗန်းမော်မြို့၊ ၁၀ရက်နှင့်၁၁ရက်တွင်မြတောင်တောရ၊ ၁၂ရက်နှင့်၁၃ရက်တွင်မလွန်မြို့၊ ၁၄ရက်မှ၁၆ရက်အထိကောလင်း၊ ၁၇ရက်နှင့်၁၈ရက်တွင်ပင်လည်ဘူးမြို့၊ ၂၀ရက်မှ၃၁ရက်အထိ ဟုမ္မလင်းမြို့တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ဘဝတစ်သက်တာစာပေဆုချီးမြှင့်၍ ရေးအားပိုရှိလာ လူ့သဘော စရိုက်နှင့်သဘာဝဖြစ်ရပ်စုံကို စေတနာအင်အားဖြင့်ရေးခဲ့ စိုက်ပျိုးရေးနိုင်ငံဖြစ်၍ မုတ်သုံကိုကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေလို ဂျာနယ်၊ မဂ္ဂဇင်းပေါ်များလာသည့်အတွက် ကောင်းသည့်တိုးတက်မှုဖြစ်

ရန်ကုန် နိုဝင်ဘာ ၂၂

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက အမျိုးသားစာပေဆု ချီးမြှင့်ခြင်း ခံရသူများအား မြန်မာ့အလင်းက ယနေ့ ဆက်လက်သွားရောက်မေးမြန်းသည်များကို ဆက်လက် ဖော်ပြအပ်ပါသည်။**



**လူငယ်လူရွယ်များအသိပညာရရှိပြီး သမိုင်းကြောင်းကို အခြေခံသည့် သုတေသနဆောင်းပါး ရေးသားထုတ်ဝေခဲ့။**
**(မကြန်)**
**(ဓာတ်ပုံ–မြန်မာ့အလင်း)**

## မကြန်

ရှေးဦးစွာမြန်မာ့အလင်းက အမျိုးသားစာပေဆုနှစ်ကြိမ်ရရှိခဲ့သူသမိုင်းသုတေသီ ဒေါ်ကြန်အား တွေ့ဆုံမေးမြန်းခဲ့ရာ“လူငယ်လူရွယ်များအသိပညာရရှိပြီး သင်ခန်းစာယူနိုင်အောင် သမိုင်းကြောင်းကို အခြေခံသည့် သုတေသနဆောင်းပါး ရေးသား ထုတ်ဝေခဲ့ရာ နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြု ချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းသာမဆုံးရှိကြောင်း၊ စေတနာ၏ လုပ်ဆောင်မှုရလဒ်ပေါ်လွင်၍ ကျေနပ်အားရကြောင်း၊ ဆက်လက်၍ တစ်နှစ်တစ်အုပ် ရေးသားထုတ်ဝေနိုင်ရန် ကြိုးစားအားထုတ်လျက်ရှိကြောင်း။

သမိုင်းသုတေသန လုပ်ကိုင်ရင်း စာပေများရေးသားခဲ့ကြောင်း၊ လာရောက် တောင်းယူသည့် ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးဖြစ်ခဲ့ကြောင်း၊ အထူးသဖြင့်သမိုင်းသုတေသနနှင့်ပတ်သက်၍ ရေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအခြေအနေ(၁၈၈၅–၈၆)ပဒေသရာဇ်မြန်မာနိုင်ငံ ဓာတ်သိမ်းစာအုပ်များ ပြုစုရေးသားခဲ့ကြောင်း၊ ၁၉၇၈ခုနှစ် မြန်မာနိုင်ငံအခြေအနေ စာအုပ်ဖြင့် ပထမဆုံးအကြိမ်အမျိုးသားစာပေဆု ရရှိခဲ့ပြီး ၂၀၀၂ခုနှစ်တွင် သမိုင်းရှာပုံတော်ခရီးနှင့်အခြားသုတေသနစာတမ်းများဖြင့် ဒုတိယရရှိခဲ့ကြောင်း၊ ယခု ၂၀၀၃ခုနှစ်အတွက်တတိယအကြိမ် ရရှိခြင်းဖြစ်ကြောင်း။

နယ်ချဲ့များသည် အောက်မြန်မာပြည်၊ အထက်မြန်မာပြည်ဟူ၍လည်းကောင်း၊ ချင်းပြည်နယ်၊ရှမ်းပြည်နယ်စသဖြင့် ပြည်နယ်များ ခွဲခြားသွေးခွဲအုပ်ချုပ်ခဲ့ကြောင်း၊ သမိုင်းတွင် သိစရာသင်ခန်းစာယူစရာများ ပါရှိကြောင်း၊ ထို့ကြောင့် သိထားရန် လိုအပ်သကဲ့သို့ သမိုင်း ရေးသားပြုစုသူများသည်လည်း ဘက်မလိုက်ဘဲ ဖြစ်စဉ်အမှန်ကို ရေးသားရမည်ဖြစ်ကြောင်း။

စာပေနယ်ကျယ်ဝန်းလာ၍ ရေးစရာများက ပျော်စရာဖြစ်လာကြောင်း၊ ယခုအခါ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတော်ကပါ စာပေဆုများ ချီးမြှင့်ရုံသာမက ဘဝတစ်သက်တာစာပေဆုများ ချီးမြှင့်၍ ရေးအားပိုရှိလာကြောင်း” စသည်ဖြင့် မကြန်က မြန်မာ့အလင်းကို ပြောကြားသည်။

## ကြူကြူသင်း

**ရွှေတံခါးကြီးဖွင့်ပါဦးနှင့် အခြားပြဇာတ်များ**စာအုပ်ဖြင့် ပြဇာတ်စာပေအမျိုးသားစာပေဆုရရှိသူ ကြူကြူသင်းအား မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံခဲ့ရာ “ရှားရှားပါးပါး ပြဇာတ်စာပေဆုရရှိ၍ ပြောမပြနိုင်အောင် ဝမ်းသာ အားရဖြစ်မိပါကြောင်း၊ နိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်သည့်အတွက် ကျေးဇူး အထူးပင်တင်ရှိကြောင်း။

လူ့သဘော၊ လူ့စရိုက်၊ လူ့သဘာဝဖြစ်ရပ်စုံကို စေတနာအင်အားဖြင့် ရေးခဲ့ကြောင်း၊ ရသပိုင်းတွင် အားမလို အားမရဖြစ်၍ ပိုမိုပီပြင်အောင် အားထုတ်ရေးသားကြောင်း၊ ၁၉၅၇ခုနှစ်က တိုင်းရင်းမေဂျာနယ်တွင် ကဗျာများရေးသား၍ စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ကြောင်း၊ ချစ်ရေစင်သီချင်းမှ ကြူကြူသင်း၏ ရွှေနှင်းဆီရယ် သင်းရနံ့ကမွှေးတယ် စာသားကြိုက်နှစ်သက်ပြီး ကြူကြူသင်း ကလောင် အမည်ကိုယူခဲ့ကြောင်း၊ အမည်ရင်း ဒေါ်ခင်သိန်းဝင်းဖြစ်ကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။



**ရှားရှားပါးပါးပြဇာတ်စာပေဆုရရှိ၍ ပြောမပြတတ်အောင် ဝမ်းသာအားရဖြစ်ရ။**
**(ကြူကြူသင်း)**
**(ဓာတ်ပုံ–မြန်မာ့အလင်း)**

ကြူကြူသင်းကို အဖ ဦးစိန်မောင်၊ မိခင် ဒေါ်ခင်ရီတို့က ၁၉၄၂ ခုနှစ် မတ်၁၂ရက်တွင် မြစ်ဝကျွန်းပေါ်ဒေသ ဝါးခယ်မ၌ မွေးဖွားခဲ့သည်။ ၁၉၅၇ခုနှစ်၌ စာပေနယ်သို့ဝင်ရောက်ပြီးနောက် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ပြဇာတ်များကို ရေးသားခဲ့သည်။၁၉၆၄ခုနှစ် ရန်ကုန်တက္ကသိုလ်က မြန်မာစာပေသမိုင်းနှင့် ဘာသာစကား၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ မြန်မာ့သမိုင်းဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

စာပေနယ်တွင် ကျင်လည်ရေးခဲ့ရာ ကဗျာပုဒ်ရေ ၆၀၊ ဝတ္ထုတို ၂၀၀၊ လုံးချင်းဝတ္ထု ၁၆ အုပ်နှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ ကဗျာနှင့်ဝတ္ထုအချို့ အင်္ဂလိပ်၊ရုရှား၊ဂျပန်ဘာသာများပြန်ဆိုထုတ်ဝေခဲ့သည်။ ၁၉၈၁ ခုနှစ်က စံပယ်တစ်ကုံး ဂမုန်းတစ်ပွင့် ဝတ္ထုတိုဖြင့် အမျိုးသားစာပေဆုရရှိခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင်အဖြစ်တာဝန်ထမ်းဆောင်ရင်း သန်လျင်မြို့ ဓမ္မရောင်ခြည်ကျောင်းလမ်း ခြံအမှတ် ၂၃(က)တွင် နေထိုင်လျက်ရှိသည်။

## မောင်သစ္စာ

**ရှေးဟောင်းမင်စာနှင့် မြန်မာ့ယဉ်ကျေးမှု** စာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အမျိုး



**လူသိနည်းသော မင်စာကို လူအများသိရှိအောင် စင်မြင့်ပေါ်သို့တင်ပေးလိုက်ရ၍ ကြည်နူးအားရဖြစ်မိ။**
**(မောင်သစ္စာ)**
**(ဓာတ်ပုံ–မြန်မာ့အလင်း)**

သား စာပေဆုရရှိသူ မောင်သစ္စာအား မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံခဲ့ရာ “မမျှော်လင့်ဘဲ၊ မထင်မှတ်ဘဲ အမျိုးသားစာပေဆုရ၍ အံ့သြဝမ်းသာမိကြောင်း၊ ကျောက်စာ၊ ပေစာသာ လူသိများပြီး လူသိနည်းသော မင်စာကို လူအများ သိရှိအောင် စင်မြင့်ပေါ်သို့ တင်ပေးလိုက်သကဲ့သို့ ကြည်နူးအားရ စိတ်ချမ်းသာမှုဖြစ်ရကြောင်း၊ လူထုပညာ မဂ္ဂဇင်းတွင် လူထုပညာ ရေးမှူးအနေဖြင့် ကယားတို့ဌာနေ ဆောင်းပါးဖြင့် စာပေစတင်ရေးသားခဲ့ကြောင်း၊ ၁၉၅၄ခုနှစ်က လူထုပညာ မဂ္ဂဇင်းနှင့် စာပေဗိမာန် မဂ္ဂဇင်းများတွင် ပုံနှိပ်ဖော်ပြခဲ့ကြောင်း၊ ကျောင်းသားဘဝကပင် စာပေစိတ်ဝင်စား၍ သရက် တောကျောင်းတိုက် ဦးပရမကျောင်းနေစဉ်ကပင် လက်ရေးမဂ္ဂဇင်း ထုတ်ဝေခဲ့ကြောင်း၊ ကျားပရဟိတကျောင်းတွင်လည်း လူမှုရေး ပရဟိတ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရင်း အရေး၊ အဖတ် လုပ်ကိုင်ခဲ့ကြောင်း၊ ဂျာနယ်၊ မဂ္ဂဇင်း ပေါ်များလာသည်မှာ ကောင်းသည့် တိုးတက်မှုဖြစ်ကြောင်း၊ စာပေဆုများချီးမြှင့်ဂုဏ်ပြုသည့်အတွက် စာရေးရသည့်အတွက်ရေးအားကောင်းအောင်မြေတောင်မြှောက်ပေးသကဲ့သို့ ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကျေးဇူးတင်ကြောင်း၊ စာပေ၊အနုပညာ၊ ဂီတဝါသနာထုံပြီး အသံတိတ်ခေတ်ကသီဆိုမှုများကို ရေးသားစာအုပ် ထုတ်ဝေရန် အားထုတ်စီစဉ်လျက်ရှိကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

## နိုင်ရွှေမိုး

**မြန်မာ့မုတ်သုံ** စာအုပ်ဖြင့် သုတပဒေသာ(အသုံးချသိပ္ပံ)ဆိုင်ရာ အမျိုးသား စာပေဆုရရှိသူ နိုင်ရွှေမိုးအား မြန်မာ့အလင်းက ဆက်လက် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပြန်ရာ “မြန်မာ့မုတ်သုံကို တိုင်းရင်းသားပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိစေချင်သည့် စေတနာဖြင့် ရေးသားခဲ့သော စာအုပ် အမျိုးသားစာပေဆုရရှိသည့်အတွက် အတိုင်းထက်အလွန် ကြည်နူးဝမ်းသာ ဂုဏ်ယူမိကြောင်း၊ မုတ်သုံသည် အရှေ့တောင် အာရှနိုင်ငံများတွင် မြန်မာပြည်၌ အကြာဆုံးဝင်ရောက်ပြီး အကျိုးများ သည်ကို သိစေချင်သည့် စေတနာဖြင့် ကြိုးစားပမ်းစား ရေးသားခဲ့ရာ နိုင်ငံတော်က အသိအမှတ်ပြု



**မုတ်သုံသည် မြန်မာပြည်၌ အရှည်ကြာဆုံး ဝင်ရောက်ပြီး အကျိုးများသည်ကို သိချင်စေသည့် စေတနာဖြင့် ကြိုးစားပမ်းစား ရေးသားခဲ့။**
**(နိုင်ရွှေမိုး)**
**(ဓာတ်ပုံ–မြန်မာ့အလင်း)**

ဂုဏ်ပြုချီးကျူးသည့်အတွက် အားရကျေနပ်မှုဖြစ်ရကြောင်း၊ ပြည်သူများနားလည်သဘောပေါက်နိုင်သော အသုံးအနှုန်း စကားလုံးများဖြင့် ကြိုးပမ်းရေးသားခဲ့ကြောင်း။

နေသွားလမ်း၊ နက္ခတာရာနှင့် ဆက်စပ်ပြီး မုတ်သုံကို ရေးသားထားကြောင်း၊ ဖျောက်ဆိပ်ကြယ်၊ မိုးဦးကျ မြန်မာတို့တွက်ချက်မှုများသည်လည်း စိတ်ဝင်စားဖွယ်တွေ့ရကြောင်း၊ မိုးဆိုသောစကားလုံးကို ခေါ်ဝေါ်သုံးစွဲမှု၊ ကျော်အောင်စံထား ဆရာတော်ဘုရား၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ထည့်သွင်းရေးသားထားကြောင်း၊ မုတ်သုံမိုးကြောင့် မြန်မာနိုင်ငံ စိုက်ပျိုးရေးကောင်း၍စိုက်ပျိုးရေးနိုင်ငံဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အဓိက အကျိုးပြုသည့် မုတ်သုံကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေချင်ကြောင်း။

သုတရသကျမ်းစာပေများ ပြင်ပပုံနှိပ်ထုတ်သူများ ရိုက်နှိပ်မှုနည်းပါကြောင်း၊ စာပေဗိမာန်က စာပေဆုပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ စာအုပ်ထုတ်ပေးခြင်းပြုလုပ်၍ သုတရသကျမ်းစာများ ရေးသားလိုသူများအတွက် မြေတောင်မြှောက်ပေးသကဲ့သို့ရှိကြောင်း၊ ကျေးဇူးတင်စရာလည်းကောင်းကြောင်း၊ စာပေနယ် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာသည်ကို ကြိုဆိုရမည်ဖြစ်ကြောင်း၊ ဗဟုသုတ တိုးပွားစေကြောင်း၊ စာအုပ်စာပေများများ ထုတ်ဝေနိုင်လေလေ အကျိုးများလေလေ ဖြစ်ကြောင်း၊ ဝမ်းမြောက် ဂုဏ်ယူစရာ ဆိုရမည်ဖြစ်ကြောင်း”မြန်မာ့အလင်းသို့ ပြောကြားသည်။



**ပန်းချီဆရာကြီး တစ်ဦး၏ ဘဝသရုပ်ကို ဝတ္ထု ဇာတ်လမ်းများဖြင့် သုတရသဖွင့်ဆို ရေးသားခဲ့သော စာအုပ်ဖြင့်ရရှိ၍ ဝမ်းသာဂုဏ်ယူမိ။**
**(ဆောင်းဝင်းလတ်)**
**(ဓာတ်ပုံ–မြန်မာ့အလင်း)**

## ဆောင်းဝင်းလတ်

**နံနက်၃နာရီ**ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆု တတိယအကြိမ်ရရှိသူ စာရေးဆရာ ဆောင်းဝင်းလတ်အား မြန်မာ့အလင်းက ဆက်လက်တွေ့ဆုံဖြစ်ခဲ့ရာ “ပထမအကြိမ် ၁၉၉၄ခုနှစ်က ဘာကိုရွေးမလဲရှာကလေးရယ်နှင့် အခြားဝတ္ထုတိုများ၊ ဒုတိယအကြိမ် ၂၀၀၁ခုနှစ် လွမ်းလောက်ပေသည် ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆုရရှိခဲ့ကြောင်း၊ ယခုမြန်မာပန်းချီဆရာကြီး ဦးဘဉာဏ်၏ ဘဝဇာတ်လမ်းကို အခြေခံ ရေးသားထားသည့် နံနက် ၃ နာရီ ဝတ္ထုရှည်ဖြင့် ထပ်မံရရှိခြင်းဖြစ်ကြောင်း။

ယခင်က ရေးသားမှုမရှိခဲ့သော ပန်းချီဆရာကြီးတစ်ဦး၏ ဘဝ သရုပ်ကို ဝတ္ထုဇာတ်လမ်းများဖြင့် သုတရသဖွင့်ဆို ရေးသားခဲ့သော စာအုပ်ဖြင့်ရရှိ၍ ဝမ်းသာဂုဏ်ယူရုံသာမက ကျေနပ်အားရကြောင်း၊ မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာပန်းချီ လောကတွင် မြစ်ဝကျွန်းပေါ်က ပန်းချီဆရာကြီး ဦးဘဉာဏ်ရှိသည်ကို ဖော်ပြခွင့်ရ၍ အောင်မြင်မှုတစ်ခုဟုဆိုနိုင် ကြောင်း၊ အတ္ထုပ္ပတ္တိ ရေးသားမှုမျိုး မဟုတ်ဘဲ ဝတ္ထုအနေဖြင့် ရေးနိုင်၍ စိတ်ဝင်စားမှု ပိုမိုများပြားကြောင်း။

အမျိုးသားစာပေဆု ရသည်မှာ အနန္တော အနန္တ ငါးပါး၏ဂုဏ်ကျေးဇူးကြောင့်ဖြစ်ကြောင်း၊ စိစစ်ရွေးချယ်ပေးသည့် ဆရာ၊ဆရာမကြီးများ၊ ထုတ်ဝေပေးသော စိတ်ကူးချိုချိုစာပေ၊ စာအုပ်ဖြစ်မြောက်ရေးအတွက် တွန်းအားပေးသည့် ထားဝယ်မှ ဆရာဝန်ဒေါက်တာ သန်းဝင်း၊ မန္တလေးက လူငယ်ပန်းချီဆရာ ကေထွန်းတို့အား အထူးပင် ကျေးဇူးတင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် စာပေ ဖွံ့ဖြိုးတိုးတက်လာသည်ကို ဝမ်းသာကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စာပေမြတ်နိုးမှု မြင့်မားမှုကို ပြသကြောင်း၊ မြန်မာစာပေ အနုပညာရပ်များ အားလုံး တိုးတက်အောင်မြင်ပါစေရန် ဆုမွန်ကောင်းတောင်းကြောင်း” မြန်မာ့အလင်းအား ပြောကြားသည်။

နံနက် ၃ နာရီ ဝတ္ထုရှည်ကြီးသည် ပန်းချီဆရာကြီးဦးဘဉာဏ်အကြောင်း ရေးသားချက် ကောက်ကြောင်းကို အခြေခံပြီး ရသဖွဲ့ဆို ရေးသားသော ဝတ္ထုဖြစ်ပြီး ဆရာကြီး၏ပညာကို ပူဇော်ကန်တော့သည့်ဆန္ဒဖြင့် ရေးသားခဲ့ကြောင်း သိရသည်။ ။

**(မြန်မာ့အလင်း)**



## ကြိုဆိုနှုတ်ဆက်

**နိုဝင်ဘာ၂၂ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်ဇနီး (၃၃)နှစ်မြောက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General Helal Uddin Ahmed နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**

**(သတင်းစဉ်)**





## ရေနံချောင်းမြို့နယ်အသင်း ကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)၏ ကထိန်သင်္ကန်း ကပ်လှူပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ၂၆ရက် (သောကြာနေ့) နံနက် ၈နာရီတွင် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း မင်းကျောင်းတွင်ကျင်းပမည်ဖြစ်ရာ မြို့နယ်သူ မြို့နယ်သားများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ပျံလွန်တော်မူသွားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အား သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ လာရောက်ဖူးမြော်ပူဇော်

**ရန်ကုန် နိုဝင်ဘာ ၂၂**

နိုဝင်ဘာ ၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ အဓိပတိ ပခုက္ကူမဟာဝိသုတာရာမ နိကာယကြီး၏ အဓိပတိ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီးတို့၏ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မဟာထေရ်မြတ်၏ ဥတုဇရုပ်ကလာပ်တော်အား အပူဇော်ခံထားရှိသည့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီးအတွင်းရှိ ယာယီစံကျောင်းတော်သို့ ယနေ့နံနက်ပိုင်းမှစတင်၍ ရပ်ဝေးရပ်နီးမှ သံဃာတော်များ၊ ဒါယကာ ဒါယိကာမများက လာရောက်ဖူးမြော်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

**ရွတ်ဖတ်ပူဇော်**

ထို့အတူ သာသနာရေးဝတ်အသင်းအဖွဲ့များဖြစ်ကြသည့် သာသနာရောင်တော်ဖွင့် နိကာယ်စာသင်တိုက် ဝတ်အသင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက်မှ အောင်ဇေယျဝတ်အဖွဲ့နှင့် သာသနာ့ပါလဝတ်အဖွဲ့တို့က ဆရာတော်ကြီး၏ ထေရုပ္ပတ္တိနှင့် သံဝေဂကဗျာ၊ သံဝေဂ ရှစ်လုံးဘွဲ့ကဗျာ၊ အနတ္တလက္ခဏသုတ်နှင့် ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ညနေပိုင်းတွင် ဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများဖြစ်ကြသော ဂီတအနုပညာရှင်များကလည်း ဓမ္မပူဇာတေးများဖြင့် သီကျူးပူဇော်ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီး၏ အန္တိမစျာပနသဘင်တရားပွဲများ ညစဉ်၇နာရီ

| စဉ် | ရက်စွဲ | တရားဟောကြားချီးမြှင့်တော်မူမည့်ဆရာတော် |
|---|---|---|
| ၁။ | ၂၃-၁၁-၂၀၀၄ | ဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မဒူတအရှင်ဆေကိန္ဒ |
| ၂။ | ၂၄-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိက္ခ (ဝါခင်းကုန်းဆရာတော်) |
| ၃။ | ၂၅-၁၁-၂၀၀၄ | အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဉာဏိဿရ (သီတဂူဆရာတော်) |

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌမြင်းခြံဆရာတော်ကြီးအန္တိမစျာပန အနုပညာဖြင့် ဓမ္မတေးပူဇော်ရေး အစီအစဉ်

| နေ့ရက် | အချိန် | ပူဇော်မည့်အဖွဲ့ |
|---|---|---|
| ၂၅-၁၁-၂၀၀၄ | ၁၅း၀၀ | ပျဉ်းမနား ဝါဝါရွှေ ယောင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၆-၁၁-၂၀၀၄ | ၀၈း၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၃း၀၀ | ဖန်ခွက်စိန်ဇာတ်အဖွဲ့ ယောင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၆-၁၁-၂၀၀၄ | ၁၅း၀၀ | ဂီတသဘင်အနုပညာရှင်များ |
| ၂၆-၁၁-၂၀၀၄ | ၁၉း၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |
| ၂၇-၁၁-၂၀၀၄ | ၀၈း၀၀ | ရွှေခြံသူ သီတာဝင်း ယောင်ကျူး<br>မန္တလေးဖိုးသာအောင်ဆိုင်းအဖွဲ့ |
| ၂၇-၁၁-၂၀၀၄ | ၁၀း၀၀ | ဆိုင်းအဖွဲ့(စိန်စတင်း/ဖိုးသာအောင်) |



**နိုဝင်ဘာ ၁၉ရက်က မိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း (၃၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးစိန်မြင့်က ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ဆင်ပေါင်ဝဲမြို့နယ်အသင်း ဘုံကထိန်နှင့်သက်ကြီးပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ဆင်ပေါင်ဝဲမြို့နယ် အသင်း (ရန်ကုန်)၏ (၃၄)ကြိမ်မြောက် ဘုံကထိန်အောင်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၆ရက် (သောကြာနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ နေနတ်သားစာသင်တိုက်တွင် ပြုလုပ်မည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲအတွက်အသက်(၈၀) နှစ်ပြည့်ပြီး အသင်းဝင်များနှင့် အသင်းဝင်မိဘများ၏ သားသမီးများအနက်မှ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများသည် နိုဝင်ဘာ ၂၄ရက် မတိုင်မီ ဖုန်း-၅၆၁၁၁၂၊ ၅၃၇၂၅၆၊ ၇၂၇၉၇၀၊ ၅၆၆၃၁၆ နှင့် ၅၃၅၀၀၄ တို့သို့ ဆက်သွယ်ကြရန်နှင့် အသင်းဝင်များ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

## ရေဦးအထက(၁)အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်း ရေဦးမြို့ အထက(၁)၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၅ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ယင်းကျောင်းကံ့ကော်ဆောင်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများလှူဒါန်းလိုပါက ဦးသန်းနွဲ့ ဖုန်း-၆၆၁၇၂၆၊ ဦးခင်မောင်ငွေ ဖုန်း-၅၂၆၇၉၁၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁၊ ဦးဘငွေ ဖုန်း-၃၈၂၈၂၇၊ ဦးကံကြီးမောင် ဖုန်း-၂၉၇၉၁၆နှင့် ဦးကိုကိုကြီး ဖုန်း-၅၀၁၇၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## ဒေးဒရဲ ကျိုက်ဒေးယျံဘုရားကြီး ဆွမ်းလုံးချပွဲတော်သို့ နေ့ချင်းပြန်ခရီး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)က ဦးဆောင်၍ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ကျင်းပပြုလုပ်သည့် ဒေးဒရဲမြို့ ကျိုက်ဒေးယျံစေတီတော်မြတ်ကြီး ဆွမ်းလုံးချပွဲတော်နှင့် ဒေးဒရဲပေါ်တော်မူဘုရားဖူး အစီအစဉ်ကို 'ဗညားဦး' နှစ်ထပ်ခွဲသင်္ဘောကြီးနှင့် နေ့ချင်းပြန်ခရီး အစီအစဉ်ဖြင့် လိုက်ပါလိုသူ မြို့နယ်သူ၊ မြို့နယ်သားများ၊ ဆွေမျိုးမိတ်သင်္ဂဟများသည် ဦးမျိုးလွင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၄၄၂၇၃၊ ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ ဦးကြိုင်မြင့် (ဝါမိုးအောင်စာပေ) ဖုန်း-၂၉၅၉၈၈ နှင့် နီးစပ်ရာအမှုဆောင်များထံတွင် သင်္ဘောလက်မှတ်များစုံစမ်း ဝယ်ယူနိုင်ကြသည်။ နိုဝင်ဘာ ၂၆ရက် (တန်ဆောင်မုန်းလပြည့်) နံနက် ၆ နာရီအရောက် မော်တင်ဆိပ်ကမ်းသို့ လာရောက်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## အာရှဂူရှူး တံခွန်စိုက်ပြိုင်ပွဲဝင်ရန် ပြိုင်ပွဲဝင်အသင်းများရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဂူရှူး တံခွန်စိုက်ပြိုင်ပွဲကို တက်ရောက်ရန် အပြည်ပြည်ဆိုင်ရာ ဂူရှူးအဖွဲ့ချုပ် အလုပ်အမှုဆောင် စင်ကာပူနိုင်ငံမှ Mr. Ang Mong Seng နှင့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

နံနက် ၁၁နာရီ ၁၅မိနစ်တွင် ပြိုင်ပွဲဝင် မလေးရှားအသင်း၊ မွန်းလွဲ ၁၂နာရီ ၃၅မိနစ်တွင် ပြိုင်ပွဲဝင် ထိုင်းအသင်းတို့ ရောက်ရှိ လာကြသည်။ **(အောက်ပုံ)**ထိုင်းအသင်းတွင် ကစားသမား ၁၀ဦး လိုက်ပါလာကြသည်။ ပြိုင်ပွဲဝင်ကြမည့် တရုတ်(တိုင်ပေ) အသင်း၊ ဗီယက်နမ်အသင်း၊ ဂျပန်အသင်းနှင့် နီပေါအသင်းတို့လည်း ရောက်ရှိလာကြသည်။**(မြန်မာ့အလင်း)**



## ပြည်မြို့ အထက(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၂**

နှစ်စဉ် ကျင်းပမြဲ ဖြစ်သော အထက(၁) ပြည် ကျောင်းသားကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ၂၆ရက်)သောကြာနေ့ နံနက် ၇နာရီတွင် ပြည်မြို့ အထက(၁) အောင်သော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးနေ ကျောင်းသားကျောင်းသူဟောင်းများသည် ဦးစောမြင့် ဖုန်း-၀၅၃-၂၁၅၇၀၊ ဦးဘဝင်း ဖုန်း-၀၅၃-၂၄၂၅၂၊ ဒေါ်ထွားတင် ဖုန်း-၀၅၃ -၂၅၁၁၈၊ ဗိုလ်မှူးမောင်မောင်နီ(ငြိမ်း) ဖုန်း-၀၅၃-၂၁၃၄၀၊ ဦးခင်မောင်နီ ဖုန်း-၀၁-၂၈၁၁၄၉၊ ဒေါက်တာထိန်ဝင်း ဖုန်း ၀၁-၅၂၄၈၅၁ နှင့် ဦးမောင်မောင်ကြည် ဖုန်း-၀၁-၂၅၄၇၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသက် (၆၃)နှစ်ပြည့်ပြီး ပူဇော်ခံ မကြွရောက်ရသေးသော ဆရာကြီး ဆရာမကြီးများသည် အမှုဆောင်အဖွဲ့နှင့် ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။**(က-ပ)**






## အေးချမ်းအောင်မြင်ငွေကျောင်း ဘုံကထိန်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားကို ဦးထိပ်ထားလျက် အေးချမ်းအောင်မြင် ငွေကျောင်းတွင် ဝါကပ်တော်မူခဲ့ကြသော မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဦးသုဂန္ဓ၊ ညီတော် ဆရာတော် ဦးဇောတိကတို့အား အမှူးထားပြီး ကျောင်းရှိ သံဃာတော်ကိုးပါးနှင့် ပင့်သံဃာ ၉၉ပါးတို့အား ဘုံကထိန်လျာသင်္ကန်း စုပေါင်းဆက်ကပ် လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ရက် နံနက်ပိုင်းက နေမျိုးသူရလမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်ရှိ အေးချမ်းအောင်မြင်ငွေကျောင်း တော်ကြီး၌ကျင်းပရာ တပည့်ဒါယကာဒါယိကာမများ ကထိန်သင်္ကန်း စုပေါင်းဆက်ကပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

## နှစ်ထပ်ယောဂီဆောင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

တောင်ဥက္ကလာမြို့နယ် (၁၂)ရပ်ကွက် မာဃလမ်း အလျားပေ ၃၀၀ xအနံ ၁၂၅ပေရှိ မာဃဓမ္မာရုံတော်ကြီးဝင်းအတွင်းတွင် အလျားပေ ၆၀ xအနံ ပေ ၃၀ အာရ်စီနှစ်ထပ်ယောဂီဆောင် တည်ဆောက်လျက်ရှိရာ ပဌမ အကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၁၃၆၆ခုနှစ် နတ်တော်လဆန်း ၁ရက်(ဒီဇင်ဘာ၁၂ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။ကျပ်၅၀၀၀ နှင့်အထက် လှူဒါန်းလိုသူများသည် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သာထွန်း ဖုန်း– ၅၇၂၂၅၅နှင့် ဘဏ္ဍာရေးမှူး ဦးဝမ်နီ ဖုန်း–၇၀၈၆၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည့်အပြင် မာဃ ဓမ္မာရုံတော်ကြီးသို့လည်း လာရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**





## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊
အင်း၀ ၁၉ လမ်း၊ ၆၆၄(ခ)နေ
ဦးကျော်ရှိန်(သစ်ဆိပ်တာဝန်ခံ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)–
ဒေါ်တင်ငွေ(ဆရာမကြီး၊ ငြိမ်း၊ အမက၊ ဇေယျာသီရိ)တို့၏သား

**ဒေါက်တာခင်မောင်လတ် B.Sc, Hons, M.Sc, Ph.D(NTU,Singapore)**

ဒုတိယညွှန်ကြားရေးမှူးနှင့်ဌာနမှူး၊
စံသတ်မှတ်ရေးဌာန၊မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာဝတီအိမ်ရာ၊ တိုက်–A ၊ အခန်း ၂၀၃နေ
ဦးမင်းနိုင်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)–ဒေါ်ကျင်မေတို့၏သမီး

**ဒေါက်တာသန်းဆင့်နိုင် B.Sc, Hons, M.Sc, Ph.D(YTU)**

လက်ထောက်ညွှန်ကြားရေးမှူး၊စက်မှုနှင့်သက်မွေးပညာဦးစီးဌာန တို့၏ ၂၁–၁၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် Traders Hotel၌ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာစံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်ဇနီး ဒေါ်မေကြည်စိန်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်သော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့်ဇနီး၊ ဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ ၁၈–၁၁–၂၀၀၄ရက်တွင် တရားရုံးချုပ်၌ထိမ်းမြားမင်္ဂလာလက်ထပ်စာချုပ် ချုပ်ဆိုပေးသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ မေတ္တာနှင့်ကူညီပေးသော Talents and Modelsမှ ဒေါ်ခင်မေလေး(Aunty Daisy)၊ မတင်မိုးလွင်နှင့် Modelsများ၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာခင်မောင်လတ်–ဒေါက်တာသန်းဆင့်နိုင်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် သကတ ၂၊ မြေကွက်အမှတ် ၁၂၁၄ ဦးမောင်မောင်တင် အမည်ပေါက် မြေကွက်ကို လှိုင်သာယာမြို့နယ်၊ အမှတ် ၁၂၁၄၊ ဗိုလ်အောင်ကျော်လမ်းနေ ဦးထွေးအောင် ၁၂/ ဥကမ(နိုင်)၀၇၂၀၄၅+၁က ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။**






## အမည်မှန်

အဖ ဦးကျော်မြင့်၏သား ဦးခင်လှ ၁၂/မဂဒ(နိုင်)၀၀၉၉၁၄ ကိုင်ဆောင်သူအား ယနေ့မှစ၍ ဦးခင်ဇော်ဟု အမည်မှန်ပြောင်းလဲခေါ်ပါရန်။

**ဦးခင်ဇော် ၁၂/မဂဒ(နိုင်)၀၀၉၉၁၄။**

## ကန့်ကွက်နိုင်ပါသည်

ရွှေပြည်သာမြို့နယ်၊တ/၄၁ ရပ်ကွက် (ပန်းခြံ–၃)ရှိ ဦးအုံးသင် ၁၆၀၈(က)၊ ဒေါ်စိန် ၁၆၀၈(ခ)၊ ဦးအောင်မြင့် ၁၆၀၇(က)၊ ဦးအေး ၁၆၀၇(ခ)အသီးသီး အမည်ပေါက် ပေ ၂၀ x ပေ ၆၀ မြေကွက်များကို ရောင်းဝယ်ပြုလုပ်မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ဆက်သွယ်ရန်–**
**ဦးဝင်းစိုး**
**အမှတ် ၂၃၊ ၉လမ်း၊**
**လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။**








# သန့်ရှင်းသော သောက်သုံးရေရရှိရေး နွားထိုးကြီးမြို့နယ်တွင် စက်ရေတွင်းဖွင့်

နွားထိုးကြီး နိုဝင်ဘာ ၅

**မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ တူးဖော်သည့် မိုးကန်ကျေးရွာအုပ်စု မိုးကန်(အရှေ့)ရွာ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ရက်က မိုးကန်(အရှေ့)ရွာ ရွာလယ်ရှိ စက်ရေတွင်း မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။**

အခမ်းအနားတွင် စက်ရေတွင်းနှင့်ပတ်သက်၍မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်က ရှင်းလင်းတင်ပြပြီး စက်ရေတွင်းကို ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ စက်ရေတွင်းကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးငွေကျပ် ၄၀၀၀၀၀၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၉၉၄၀၀နှင့် အလှူရှင် ဦးသန်းမြင့်က လှူဒါန်းငွေကျပ် ၂၂၉၃၄၀ တို့ဖြင့် တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၂၁၃)



## ကျေးလက်ကျန်းမာရေး အဆောက်အအုံသစ်ဖွင့်

**နိုဝင်ဘာ ၁၃ ရက်က ကျိုက်လတ် မြို့နယ် မိဿလင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(က-ပ)

## ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် မြင့်မိုရ်အလင်းရောင် စာကြည့်တိုက်ဖွင့်

**ဟိုပုံး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ်ကျောက်တန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မြင့်မိုရ်အလင်းရောင် ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲကို အောက်တိုဘာ၁၄ရက် နံနက် ၁၁ နာရီက ကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်နန်းဦးခမ်း၊ မြို့နယ်ဦးစီးမှူးဒေါ်ခင်မာဝေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

ထို့နောက်ခရိုင်ဒုတိယဦးစီးမှူး ဒေါ်နန်းဦးခမ်းက မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များ ပေးအပ်လှူဒါန်းရာကျေးရွာဥက္ကဋ္ဌဦးဖြူနှင့် ဦးတင်ဝင်းတို့ကလက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## အလင်းကမ္ဘာစာကြည့်တိုက်ဖွင့် စာအုပ်နှင့် အလှူငွေများလှူဒါန်း

**ချောက် နိုဝင်ဘာ ၁၂**

ပြည်ထောင်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၏ မတည်လှူဒါန်းငွေကျပ်၅၀၀၀၀ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ချောက်မြို့ ချောင်းပိုက်ကျေးရွာ အလင်းကမ္ဘာစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ၄ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ အမက (၁၀၉) ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးနေရှင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က စာအုပ်များလှူဒါန်းခြင်း၊ စလေဓာတ်မြေသြဇာစက်ရုံ အင်ဂျင်နီယာ ဒေါ်ခင်ဝင်းရီက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုကျောင်းအုပ်ဆရာမဒေါ်ခိုင်ခိုင်နှင်းက လက်ခံရယူသည်။**(မြို့နယ် ပြန်/ဆက်)**



## ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

## ထားဝယ်မြို့ တနိုင်းစံပြကျေးရွာတွင် ပညာပဒေသာကျေးရွာစာကြည့်တိုက်ဖွင့်

ထားဝယ် နိုဝင်ဘာ ၁၂

**ထားဝယ်မြို့နယ် တနိုင်းစံပြကျေးရွာ ပညာပဒေသာကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၉ရက် နံနက်၈နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဝင်းမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယ ရဲမှူးသိန်းဦးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုကအမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးဝင်းမြင့်က စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးလှမြင့်က ဂြိုဟ်တုစလောင်းတစ်စုံ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်က ရုပ်မြင်သံကြားတစ်လုံး၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီအရာရှိ ဦးဝင်းမြင့်နှင့် စေတနာရှင် ပြည်သူများက စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

**မတ္တရာမြို့နယ် ဝသုန္ဒရ-ငါးမွှန်းတောင်ကျေးလက်မြေသားလမ်း ခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၁ ရက်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်ဦးတိုက ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ် စည်ပင်)



## ဘဝတက်လမ်း စာကြည့်တိုက်ဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၅**

ပျဉ်းမနားမြို့နယ် ဇလောင်းကျေးရွာ အုပ်စု ငန်းစပ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဘဝတက်လမ်း စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ၁၇ရက် မွန်းလွဲ၁နာရီက ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးအေးမောင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ထွန်းက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းအကြောင်းများနှင့် နိုင်ငံတော်က ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ကို ဖွင့်လှစ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို ကျေးရွာအုပ်စုဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းသည်။

**(၀၉၉)**

## ကြီးကြပ်ဆောင်ရွက်

တာချီလိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က တာချီလိတ် – ကျိုင်းတုံသွား လမ်းဆုံတွင် အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်မာလာဦး နှင့်အဖွဲ့ စံပြမြေခင်းအလှ ဆောင်ရွက်မှုလုပ်ငန်းအား အမှု ဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုး စိုးဦးတို့ နိုဝင်ဘာ ၁၀ ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက် ကြစဉ်။ (မြို့နယ်စည်ပင်)

## အလိုတော်လျှံပြည့်စေတီရွှေထီးတင်လှူပူဇော်မည်

**တပ်ကုန်း နိုဝင်ဘာ ၁၀**

တပ်ကုန်းမြို့ ဘုရင့်နောင်၊ အောင်ဇေယျ၊ မြဝတီ စုပေါင်းရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဝေပုလ္လသည် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် သီးပင်အုပ်စု တဲကြီးကုန်းကျေးရွာ လျှောက်စေနယ်တွင် တည်ထားကိုးကွယ်တော်မူသော ကိုးနဝင်းကပ်ကျော် ရွှေစည်းခုံစေတီတော် မြတ်ကြီးဘုရား ပရိဝုဏ်အတွင်းရှိ အလိုတော်လျှံပြည့်စေတီတော်ကို ဦးဆောင်ပြုပြင်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်တွင် ရွှေထီးတော်တင်လှူခြင်း၊ အနေကဇာတင်ခြင်းများ ပြုလုပ်မည်ဖြစ်ရာ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်နှင့် ၇ရက်တို့တွင် တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့များသို့ ရွှေထီးတော် အကြည်ညိုခံလှည့်လည်အပူဇော်ခံမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**





## သဟပုညကာရီ ဆွမ်းလောင်းအသင်း စာရေးတံမဲ သပိတ်လုံးဆွမ်းလောင်းလှူ

**ညောင်တုန်း နိုဝင်ဘာ ၁၆**

ညောင်တုန်းမြို့ သဟပုညကာရီ ဆွမ်းလောင်း အသင်း၏ (၁၉)ကြိမ်မြောက် စာရေးတံမဲ သပိတ်လုံး ဆွမ်းလောင်းလှူပွဲကို ညောင်တုန်းမြို့ အမှတ် (၄)ရပ်ကွက် လမ်းမတော်တစ်လျှောက်တွင် နိုဝင်ဘာ ၁၂ရက် နံနက် ၄နာရီကကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေး ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩသဓာဘိဝံသ အမှူးပြုသော သံဃာတော် ၇၇၅ပါးနှင့် သီလရှင် ၆၆ပါး ကြွရောက်တော်မူကြသည်။

**လောင်းလှူ**

စာရေးတံမဲ သပိတ်လုံး ဆွမ်းလောင်းလှူပွဲတွင် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်၊ အတွင်းရေးမှူး ဦးအောင်မြင့် သိန်းနှင့်အဖွဲ့ဝင်များ၊ ညောင်တုန်းမြို့ သဟပုညကာရီ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးတိတ်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဋ္ဌေး၊ အတွင်းရေးမှူးဦးခင်မောင်ညိုနှင့် အမှုဆောင်များ၊ အသင်း ဝင်များ၊ ရပ်နီးရပ်ဝေးအလှူရှင်များက သံဃာတော် များအား သပိတ်လုံးဆွမ်းများနှင့်အတူ လှူဖွယ်ဝတ္ထုပစ္စည်း မျိုးစုံနှင့် ပဒေသာပင်များ လောင်းလှူကြသည်။ **(အပေါ်ပုံ)** **(ဝ၉၈)**

ဒိုက်ဦးမြို့နယ် အောင်ချမ်းသာလမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းအား အောက်တိုဘာ ၂၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းသန်း နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

# ကျေးလက် သတင်းနှင့် မြင်ကွင်း



## ဆုဖလား ပေးအပ်

မိုင်းဖြတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား ဘောလုံးဗိုလ်လုပွဲကို အောက်တိုဘာ ၂၈ ရက်က မြို့မကွင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က ဗိုလ်စွဲသွားသော ထောက်ပို့ အသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)



## ပခုက္ကူခရိုင်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၅

**ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောက်တိုဘာ ၂၇ရက် ညနေက ပခုက္ကူမြို့ခရိုင် အားကစားကွင်း၌ ကျင်းပသည်။**

**အနိုင်ရဗိုလ်စွဲ**

ဗိုလ်လုပွဲတွင် ပခုက္ကူမြို့နယ် ဘောလုံး အသင်းနှင့် ရေစကြိုမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ ပခုက္ကူမြို့နယ်အသင်းက ရေစကြိုအသင်းအား ခုနစ်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

**ဆုပေးအပ်ချီးမြှင့်**

ဆုပေးပွဲတွင် အနိုင်ရဗိုလ်စွဲသွား သော ပခုက္ကူမြို့နယ်အသင်းအား နယ် မြေခံတပ်နယ်မှူးဗိုလ်မှူးကြီးသိန်းတန်က လည်းကောင်း၊ ဒုတိယဆုရရှိသော ရေစကြိုမြို့နယ်အသင်းအား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့် တာဝန်ရှိသူများက လည်း ကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြ သည်။ **(၄၁၃)**

**သာယာဝတီ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄ – ၂၀၀၅ ခုဘဏ္ဍာရေး နှစ် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး အတွက် သုံးဆယ် – ပန်းဆွဲ လမ်းပေါ်ရှိ သာယာကုန်းတံတားနှင့် သိုက်တောတံတား များ ဆောင်ရွက်မှုအား အမှုဆောင်အရာရှိ ဦးဖေ အောင် သူကြီး ကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## မြန်မာ့အသံ

**၂၄-၁၁-၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
(မျိုးစေ့ဖြင့် အာလူးစိုက်ပျိုးနည်းများ)
၁၁း၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ(ဟေမာန်ဥတု လူမှုသိဖွယ်-ကနီဦးလှုညွှန့်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး
(တန်ဖိုးရှိတဲ့အိမ်- ဖျာပုံ ရည်လွင်အောင်)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ
(မယ်တော်လှူဒါန်းမြတ်သင်္ကန်း)
(ဒေါ်စောမုံညင်း)

**ညနေပိုင်း**

၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(ပုန်းရည်ကြီး၊ ငါးမြင်းသားဟင်း နှင့် ဒန့်သလွန်ရွက်ဟင်းချို)
၁၇း၄၅ သူ့လက်သံ လက်စွမ်းပြ
(အလင်္ကာကျော်စွာ စောင်းဦးဘသန်း၏ စောင်းလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)မချစ်တတ်၊ မမုန်းတတ်တဲ့သူ
(အရှင်ဆန္ဒာဓိက ရွှေပါရမီတောရ)
(၂)ခေါင်းလောင်းတီးသူနှင့် အခြားပုံပြင်များ(ဦးဝမ်ထိန်)
၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး
(Heart တေးသံသွင်းမှ မေတ္တာ လက်ဆောင်ပေးပို့သော အချစ်ငှက်ငယ်သို့ အချိုဆုံးမီး တေးစီးရီး)

## ကွန်ပျူတာသင်တန်း ပြင်ဦးလွင်မြို့တွင်ဖွင့်

**ပြင်ဦးလွင် နိုဝင်ဘာ ၈**

ပြင်ဦးလွင်မြို့ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း ကျောင်းအုပ်ကြီးများ ကွန်ပျူတာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ရက် နံနက် ၉ နာရီက ပြင်ဦးလွင် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်ပညာရေးမှူး ဦးစံရွှေက ပညာရေးဌာန၏ ပညာရေး ရည်မှန်းချက်များနှင့် ကွန်ပျူတာ သင်တန်းများဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များရှင်းလင်း ပြောကြား ပြီး သင်တန်းတွင် ကွန်ပျူတာစာစီ၊ ကွန်ပျူတာ စာရင်းအင်း၊ ကွန်ပျူတာ ပန်းချီ၊ ပါဝါပွိုင့် အီးမေးလ်နှင့် အင်တာနက် အခြေခံများ ပို့ချမည်ဖြစ် ကြောင်း သိရသည်။ **(၂၈၀)**



# ကျောက်ပန်းတောင်းမြို့ စုပေါင်းအမြန်ယာဉ်ငယ်အသင်း ကထိန်သင်္ကန်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၉**

ကျောက်ပန်းတောင်းမြို့ စုပေါင်းအမြန်ယာဉ်ငယ် အသင်း မိသားစုများ(၂၃) ကြိမ်မြောက် ဘုံကထိန်အလှူပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက်က ရွှေဘုံသာ ကျောင်းတိုက်၌ ကျင်းပသည်။

ဘုံကထိန်လှူဒါန်းပွဲကို စုပေါင်းအမြန်ယာဉ်ငယ်အသင်း ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အတွင်းရေးမှူးဦးစိုးတင့်နှင့် ယာဉ်ပိုင်ရှင်များ၊ အမှုဆောင်များဦးဆောင်လျက် ယာဉ်မောင်း ယာဉ်နောက်လိုက်မိသားစုများသည် နိုဝင်ဘာ ၁၃ ရက်က အသင်းရုံးရှေ့တွင် ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပဒေသာပင်ပေါင်း ၃၀ကျော် ဆင်ယင်လျက်**(ဓာတ်ပုံ)** မော်တော်ယာဉ်များဖြင့် မြို့တွင်းသို့စည်ကားစွာလှည့်လည်၍ မဲကျရာ ဘုန်းတော်ကြီး ကျောင်းသို့ ပို့ဆောင်ကြသည်။

ထို့နောက် မဲကျသည့်ရွှေဘုံသာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇဝနအမှူးပြုသော ပင့်သံဃာတော် ၅၇ ပါးတို့အား နံနက် အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ဩဝါဒါစရိယရွှေတောင်ဦး ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ ဧသိကထံတွင် ငါးပါးသီလ ခံယူကြ၍ ကထိန် အနုမောဒနာတရားတော်များကို နာယူကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝမ်ဓ)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြီးမှူး ဘေးဒုက္ခဆိုင်ရာ လေ့လာဆန်းစစ်မှုသင်တန်းဖွင့်

**မြစ်ကြီးနား နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့်ဘေးဒုက္ခဆိုင်ရာ လေ့လာဆန်းစစ်သုံးသပ်ခန့်မှန်းရေးနှင့် တုံ့ပြန်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစောသိန်းတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)မှField Officer ဦးနေမျိုးနိုင်က ကြက်ခြေနီသမိုင်းကြောင်းနှင့် ကြက်ခြေနီလှုပ်ရှားမှုများကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသ ဟောပြောကြသည်။ **(က-ပ)**



**ကွယ်လွန်သူ ဒေါက်တာ ဦးလှမောင်နှင့်သားကြီး ဦးထင်အောင်တို့အားရည်စူး၍ ဒေါ်မော်လီ၊ ခင်သန်းနွယ်နှင့် သား ဦးတင်မောင်မောင် အမှတ်-၄၀၄/ခ ပုလဲကွန်ဒို ဗဟန်းမြို့နယ်မိသားစုက အလှူငွေကျပ် နှစ်သိန်းအား ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဘဏ္ဍာရေးမှူးဒေါ်ဥမ္မာစိုးနှင့် ပြန်ကြားရေးအဖွဲ့ခေါင်းဆောင် ဒေါ်သန်းမြင့်အောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ မကွေးမြို့ မြို့တော်ခန်းမတွင် ဖွင့်လှစ်ပြသ

မကွေး နိုဝင်ဘာ ၈

**ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမြှင့်တင်ရေး ပညာပေးပြပွဲအခမ်းအနားဖွင့်ပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အစီအစဉ်အရ မကွေးတိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်သိန်းက ပြပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြပွဲအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲတွင် မကွေးတိုင်း ရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနပြခန်း၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(မကွေး)ပြခန်း၊ စည်ပင်သာယာရေး အဖွဲ့ပြခန်း ရေနံချောင်းစက်မှုဇုန်ပြခန်းနှင့် မော်တော်ယာဉ် လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ပြခန်းများ ပါဝင်ပြသထားကြောင်း သိရသည်။ **(၃၈၃)**

# ကျေးလက်စက်ရေတွင်း ထိန်းသိမ်းနည်း သင်တန်းဖွင့်

**မြင်းခြံ နိုဝင်ဘာ ၆**

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်စက်ရေတွင်းများ ထိန်းသိမ်းနည်း ရက်တိုသင်တန်းကို အောက်တိုဘာ ၁၅ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရက်တိုသင်တန်းတွင် လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ချင်းက အင်ဂျင်စက်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ တာဝန်ခံအင်ဂျင်နီယာမှူး ဦးလှဝ(ငြိမ်း)က လေမှုတ်စက်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ပို့ချကြသည်။ **(၄၀၂)**

# စာတတ်သူတိုင်းစာဖတ်ဖို့ စာကြည့်တိုက်များထူထောင်စို့

# (၇၁)ကြိမ်မြောက်သွေးလှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (ဂ)အဆင့်၊ ချောက်မြို့မှ မန်နေဂျာ ဦးသန်းဝင်း **(အပေါ်ပုံ)**သည် နိုဝင်ဘာ ၁၈ ရက်က ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၇၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

# ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေး မတ္တရာမြို့နယ်တွင် ပညာပေးဟောပြော

**မတ္တရာ နိုဝင်ဘာ ၁၂**

မတ္တရာမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့မှူး ဦးစောလွင်မြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၇ ရက်က မြို့နယ်အတွင်းရှိ စက်ရုံ၊အလုပ်ရုံနှင့်နေအိမ်အဆောက်အအုံများတွင် မီးငြိမ်းသတ်ရေး အထောက်အကူပြု ပစ္စည်းကိရိယာများ အသင့်ရှိစေရန်နှင့် မီးဖိုမီး၊ လျှပ်စစ်မီးများကို အန္တရာယ်ကင်းရှင်းအောင် စနစ်တကျဂရုပြု အသုံးပြုရေး၊ မီးငြိမ်းသတ်ယာဉ်နှင့် စက်ပစ္စည်းကိရိယာများ ကြံ့ခိုင်အဆင်သင့်ဖြစ်နေစေရေး၊ မီးသတ်ယာဉ်မောင်းနှင်ရာတွင် လမ်းများ အဆင်ပြေလွယ်ကူ ချောမွေ့စေရေး၊ မီးသုံးစွဲရာတွင် ဆောင်ရန်ရှောင်ရန် အချက်များကို ပညာပေးဟောပြောခြင်းများနှင့် လူနေရပ်ကွက်များအတွင်း လောင်စာဆီသိုလှောင်ထားရှိခြင်း မရှိစေရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြသည်။ **(၃၆၄)**



**နိုဝင်ဘာ ၄ ရက်က ငပုတောမြို့ ပန်းခြံလမ်းနှင့် မဂ္ဂင်လမ်းဆုံရာ သီရိရောခန်းမရှေ့၌ မြေယာရှုခင်း အမြဲတန်းရှင်သန်ဖြစ်ထွန်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့က မြေသြဇာကျွေးခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးသူရလွင်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

# ဆင်ပေါင်ဝဲမြို့လှပရေး ပျိုးဥယျာဉ်တိုးချဲ့စိုက်ပျိုး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၈**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် အောက်တိုဘာ ၂၆ရက်က ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးရုံးသို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ရုံးအဆောက်အအုံအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆောက်လုပ်ပြီးစီးရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ ပျိုးဥယျာဉ်တိုးချဲ့ ပျိုးထောင်ရေး လုပ်ငန်းများအား အချိန်မီ မြန်ဆန်စွာ ပြီးစီးဆောင်ရွက်ရေး ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းဆောင်ရွက်ချက်များအား အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**



**နိုဝင်ဘာ ၂ ရက်က ပေါင်းတည် မြို့နယ်တွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်ပွဲကို နိုဝင်ဘာ ၂ ရက်က ကိုယ်ဝန်ဆောင်ကျေး ရွာ အုပ် စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင် စီ ရုံး ၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမြင့်စိုးက ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းဝင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (ဝ၆၄)

## ပြည်ထောင်စုစိတ်ဓာတ်အရင်းတည် ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ

နာယကကြီးအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်မယ်ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့ရဲ့စီးပွားရေးတောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့ဟာ ပဓာနကျတဲ့ လိုအပ်ချက်များဖြစ်တယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မြဲအောင် အားထုတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်နဲ့ ပြည်သူများရဲ့စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲရေးတို့ကို တိုက်တွန်းလမ်းညွှန်သွားခဲ့ခြင်းဖြစ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့နှင့် နောက်ဆုံးနေ့ ဒုတိယပိုင်းတွင် သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

# နာယကကြီး၏သြဝါဒများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်က လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ

## အစည်းအဝေးကြီးကထုတ်ဖော်ရရှိသော ဆုံးဖြတ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင်လက်တွေ့ဖော်ဆောင် အသင်းဝင်များ၏စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နယ်မြေအကျိုး၊ လူထုအကျိုးပြုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့နှင့် နောက်ဆုံးနေ့ ဒုတိယပိုင်းအစီအစဉ်များကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●



## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းသုံးရပ်တို့ကိုချမှတ်

**ရန်ကုန် နိုဝင်ဘာ ၂၂**

၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၁၇ရက်အထိ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)က ဆုံးဖြတ်ခြင်းနှစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကိုချမှတ်သည်။

### ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းနှစ်ရပ်အနက် ဆုံးဖြတ်ချက်အမှတ်(၁)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့ နိုဝင်ဘာ ၁၇ရက်တွင် မိန့်ကြားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကကြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ သြဝါဒမိန့်မှာချက်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားရန် ဆုံးဖြတ်ခြင်းနှင့် ဆုံးဖြတ်ချက်အမှတ်(၂)မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ပထမနေ့ နိုဝင်ဘာ ၁၄ ရက်တွင် တင်သွင်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတွင်ပါရှိသော အောက်ဖော်ပြပါ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ရန် ဆုံးဖြတ်သည်–

*စာမျက်နှာ ၆ ကော်လံ ၃* ■

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

23-11 (20).p65 1 3/24/05, 10:07 AM